


ဆင်ဖြူကျွန်းအောင်သိန်း
အသားကိုခွာပြီးလှူသူ
နှင့်
မြင့်မြတ်သော စာတော်များ

mgyoe.com SAMPLE BOOK



ISBN 9789997136664
SPK51
9 789997 136664
MMK 10,000.00

mgyoe.com SAMPLE BOOK

အသားကိုခွာပြီး လှူသူနှင့် မြင့်မြတ်သော စာတော်များ။ ဆင်ဖြူကျွန်းအောင်သိန်း
စာမျက်နှာ ၂၀၉ မျက်နှာ၊ ၁၄ • ၈ စင်တီ× ၂၂•၂ စင်တီ

ထုတ်ဝေသူ - ဦးဝင်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၅၊ ဖေဖော်ဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀။

စာမူကို ဆရာကေမင်းညီမှ ကျေးဇူးပြုပါသည်။

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| | | |
|---|---|---|
| ၁။ | အသားကိုခွာပြီး လှူသူ | ၁ |
| ၂။ | ရှားတောထဲက သာမဏေ | ၁၀ |
| ၃။ | နွားခြေရာနောက်သို့လိုက်သည့် လှည်းဘီး | ၁၇ |
| ၄။ | ငယ်ပြီးကျန်ခဲ့သော အဖေ | ၂၇ |
| ၅။ | အသက်ပေး၍ | ၃၃ |
| ၆။ | သုဝဏ္ဏကုမာရဇာတ် | ၄၂ |
| ၇။ | ဝင့်ခံရသော မိသားစု | ၅၁ |
| ၈။ | လက်သုံးချောင်းသူဌေးကြီး | ၆၀ |
| ၉။ | စိတ်မဆိုးတတ်သော မင်းသား | ၆၈ |
| ၁၀။ | ဇင်းမယ်ပဏ္ဍာသ | ၇၇ |
| ၁၁။ | ကထာဝတ္ထု (၁) | ၈၂ |
| ၁၂။ | ဇမ္ဗူဒိပသီဟဠ ဝတ္ထုများ | ၈၇ |
| ၁၃။ | လူမိုက်နှင့် အတတ်ပညာ | ၉၂ |
| ၁၄။ | လှည်းဘီးအဆန်း တမ်းတသူ | ၁၀၀ |
| ၁၅။ | အဦးအဖျား သူကြွယ်ကြီး | ၁၀၉ |
| ၁၆။ | သိဒ္ဓိသာရ စက္ကဝတ္တိဇာတ် | ၁၁၆ |
| ၁၇။ | သမုဒ်ကို သဲပြင်ဖြစ်စေသူ | ၁၂၅ |
| ၁၈။ | အရိန္ဒမမင်း | ၁၃၄ |


mgyoe.com

mgyoe.com SAMPLE BOOK

၁၉။ ဒဏ္ဍာကဟိရညစ်ခေါင်းမင်း ၁၄၃
၂၀။ စန္ဒကုမာရ ၁၅၂
၂၁။ သတ္တုစနေမင်းသားဇာတ် ၁၆၁
၂၂။ သုရူပရာဇဇာတ် ၁၇၄
၂၃။ သုမနမြတ်စွာဘုရား ၁၈၃
၂၄။ သမင်ကို ကြည့်၍ ၁၉၀
၂၅။ သူငယ်ချင်း အရှင်ပစ္စေကဗုဒ္ဓါ ၁၉၉
၂၆။ သောဏာနန္ဒဇာတ် ၂၀၈
၂၇။ ယက္ခသံယုတ် ၂၁၇
၂၈။ ဝိပဿီသုတ် ၂၂၆
၂၉။ ဉာဏဝတ္ထုသုတ် ၂၃၃
၃၀။ တထာဂတုပ္ပတ္တိကျမ်း ၂၄၀
၃၁။ သုဇာမည်တွင်သော မယားရှိသူ ၂၄၆
၃၂။ ဖအေ့စကား ၂၅၃
၃၃။ ကျေးဇူးတော်ရှင် အမေ ၂၅၇
၃၄။ မကောင်းမှု၏ နိဂုံး ၂၆၁
၃၅။ အမေသည် တန်ခိုးကြီး၏ ၂၆၅
၃၆။ မိဘ၏ အနှိုင်းမဲ့ဂုဏ် ၂၆၉
၃၇။ သိုက်စာ ၁၂ ရပ် ၂၇၄
၃၈။ စွယ်စုံကျော်ထင် ဝိသောဓနီကျမ်း ၂၈၁

❑

mgyoe.com

mgyoe.com SAMPLE BOOK

# အသားကိုခွာပြီး လှူသူ

ရှေးအခါက သက္ကဝိဓိမြို့၌ မဟာရထမင်းကြီး မင်းပြုတော်မူခဲ့သည်။ ထိုမင်းသည် သမ္မာဒိဋ္ဌိအယူမှန်သော ကိုးကွယ်မှု ရှိသူ ဖြစ်သည်။ ထို့ကြောင့် ဘုရား၊ တရား၊ သံဃာဟူသည့် ရတနာသုံးပါးကို အလေးအမြတ်ထားကာ ကိုးကွယ်ခဲ့သူ ဖြစ်သည်။

သို့သော် ထိုမင်း၏ ချစ်ခင်မြတ်နိုး လေးစားရသော မင်းတစ်ပါးမှာ မှားယွင်းသော မိစ္ဆာဒိဋ္ဌိ ဘုရင်ဖြစ်ပေသည်။ ထိုမင်းသား ပဉ္စာလမြို့၌ မင်းပြုသော ပဉ္စာလမင်း ဖြစ်ပေသည်။

တစ်နေ့သောအခါ ပဉ္စာလမင်းသည် မဟာရထမင်းကြီးစံရာ သက္ကဝိဓိမြို့သို့ ကမ္ဗလာနီတစ်ထည် လက်ဆောင်အဖြစ် ပေးပို့လိုက်သည်။ ပဉ္စာလမင်း ပေးပို့လိုက်သော ကမ္ဗလာမှာ အဖိုးများစွာထိုက်တန်သည်။ သို့ကြောင့် မဟာရထမင်းသည် ပဉ္စာလမင်းထံသို့ လက်ဆောင်ပြန်ပို့ရန် စီစဉ်တော့သည်။

"အို မှူးမတ်အပေါင်းတို့ ငါ၏အဆွေခင်ပွန်းဖြစ်သော ပဉ္စာလမင်းသည် အဖိုးများစွာ ထိုက်တန်သော ကမ္ဗလာနီကို ငါ့ထံသို့ လက်ဆောင်အဖြစ် ပေးပို့လိုက်၏။ ငါသည်လည်း ငါ၏ချစ်မိတ်ဆွေ ပဉ္စာလမင်းထံ အဖိုးတန်ရတနာကို

mgyoe.com

 mgyoe.com SAMPLE BOOK 

ယနေ့ ပေးပို့အံ့"

မဟာရထမင်းသည် မိမိ၏အဖြစ်ကို ဆက်လက်၍ မိန့်ကြားသည်။

"လောက၌ ဘုရားရတနာနှင့်တူသော တစ်ပါးသောရတနာသည် မရှိချေ။ ထို့ကြောင့် ငါ၏မိတ်ဆွေ ပဉ္စာလမင်းထံသို့ မြတ်စွာဘုရားပုံတော်ကို ပေးပို့အံ့"

ထိုသို့ မိန့်ကြားတော်မူအပြီးတွင် မဟာရထမင်းသည် ရွှေပန်းထိမ်သည်ကို ခေါ်တော်မူသည်။ ၁၈ မိုက်ရှိသော ရွှေပြားပေါ်တွင် မြတ်စွာဘုရားပုံတော်ကို အရေးခြယ်ခိုင်းသည်။ ပန်းထိမ်သည်၏ လက်စွမ်းပြ မြတ်စွာဘုရားပုံတော်မှာ ကြည်ညိုဖွယ်ရှိသည်။ သို့ဖြစ်သောကြောင့် သက်ရှိထင်ရှား မြတ်စွာဘုရားအဖြစ် လျှောက်ထားသည်။

"အရှင်ဘုရား၊ တပည့်တော်၏ အဆွေခင်ပွန်းဖြစ်သော ပဉ္စာလမင်းသည် မှားယွင်းသော အယူရှိသည့် မိစ္ဆာဒိဋ္ဌိမင်း ဖြစ်ပါသည်ဘုရား။ သို့ပါ၍ ကံ ကံ၏အကျိုးကို မယုံကြည်ပါဘုရား။ သို့ကြောင့် တန်ခိုးပြာဋိဟာများပြကာ ထိုမင်းအား မိစ္ဆာ ဒိဋ္ဌိအယူမှ ကယ်တင်တော်မူပါဘုရား"

မဟာရထမင်းသည် မြတ်စွာဘုရားပုံတော်ကို ရွှေပြာသာဒ်၌တင်သည်။ ထိုပြာသာဒ်ကို ရေထဲရှိ လှေပေါ်သို့ ပို့ဆောင်ရာတွင် လည်ပင်းအထိနက်သော ရေထဲသို့ဆင်းကာ ပို့ဆောင်သည်။ ထိုခဏတွင် နဂါးပြည်မှ နဂါးများ ရောက်ရှိလာကာ ရှိခိုးပူဇော်ကြသည်။ ကောင်းကင်တွင်လည်း နတ်များဖြင့် ပြည့်နေကာ မြတ်စွာဘုရားပုံတော်ကို ပူဇော်ကြသည်။

ပဉ္စာလမင်း၏ တမန်တော်သည် နတ်များ၊ နဂါးများ ကြိတ်ကြိတ်တိုး ပူဇော်ပုံကို ပဉ္စာလမင်းထံ ပြန်လည်လျှောက် ထားသည်။

"အရှင်မင်းကြီး မဟာရထမင်းထံမှ ချစ်ကြည်ရေးလက်ဆောင် ပေးပို့လိုက်သော ဗုဒ္ဓရုပ်ပုံတော်သည် အလွန်တန်ခိုးကြီးပါသည် ဘုရား"

"ငါ၏ အဆွေတော် မဟာရထမင်း ပူဇော်သည်ထက် ငါက နှစ်ဆတိုးပြီး ပူဇော်မယ် မောင်မင်း"

ပဉ္စာလမင်းသည် ထိခြင်းငါးပါးဖြင့် ရှိခိုးသည်။ မွန်မြတ်သော ပန်း

mgyoe.com

mgyoe.com SAMPLE BOOK

နံ့သာ၊ ဆီမီး၊ ထီး၊ တံခွန်၊ ကုက္ကားတို့ဖြင့် ပူဇော်သည်။

"တပည့်တော်သည် ယနေ့မှစ၍ မြတ်စွာဘုရားကို အသက်ထက်ဆုံး ကိုးကွယ်ပါတော့မယ်ဘုရား"

ပဍ္ဍာလမင်းသည် အလွန်ကြည်ညိုသောကြောင့် နှုတ်မှ ဖွင့်ဟပြောမိသည့်ခဏတွင် အံ့ဩဖွယ်ဖြစ်ရပ်ကို တွေ့မြင် ရသည်။ ထိုဖြစ်ရပ်ကား ပန်းချီရုပ်ပုံသည် အသက်ဝင်လာခြင်း ဖြစ်သည်။ အသက်ဝင်လာသော ထိုပုံတော်သည် သက်တော်ထင်ရှား မြတ်စွာဘုရားအဖြစ်သို့ ပြောင်းလဲကာ ကောင်းကင်သို့ ပျံတက်သည်။ ရောင်ခြည်တော်ခြောက်သွယ် လွှတ်သည်။

ရွှေပြားပေါ်တွင် ရေးခြယ်ထားသော ပုံတော်မှ သက်ရှိထင်ရှား ရှင်တော်ဘုရားအဖြစ်သို့ ပြောင်းသွားသော မြတ်စွာဘုရားက ညိုသောရောင်ခြည်တော် ထွက်လာလျှင် မဟာပထဝီမြေကြီးတစ်ပြင်လုံး တစ်ခွင်လုံးမှာလည်း မျက်စဉ်းညိုအဆင်းသို့ ပြောင်းသွားလေသည်။

ထိုရှင်တော်မြတ်ဘုရားမှ ရွှေသောရောင်ခြည်တော်ထွက်လာသည်။ မဟာပထဝီမြေကြီးနှင့် လောကတစ်ခွင်တစ်ပြင်လုံးမှာ ရွှေရောင်သို့ ပြောင်းသွားသည်။

မြတ်စွာဘုရားကိုယ်တော်မှ ထွက်သော ရောင်ခြည်တော်သည် အဖြူရောင်သို့ ပြောင်းသွားသည်။ လောကတစ်ခွင် တစ်ပြင်လုံးမှာ အဖြူရောင်သို့ ချက်ချင်းပြောင်းလဲသွားတော့သည်။

မြတ်စွာဘုရား၏ ရောင်ခြည်တော်ခြောက်သွယ်သည် နတ်ပြည် ဗြဟ္မာပြည်များသို့ပါ ရောက်ရှိပျံ့နှံ့သည်။

မြတ်စွာဘုရား၏ ရောင်ခြည်တော်များ ပျံ့နှံ့ရောက်ရှိသွားသောအရပ်၌ နေရောင် လရောင်များ မရှိတော့ပြီ။ ထိုမျှမကသေးပေ။ နတ်ဗြဟ္မာတို့၏ ကုသိုလ်ကောင်းမှုဖြင့် ရရှိသော အရောင်အဝါလည်း လုံးဝကွယ်ပျောက်ရတော့သည်။ သို့ဖြစ်သဖြင့် ပဍ္ဍာလမင်းသည် လက်အုပ်ချီကာ ရှိခိုးလျှောက်ထားသည်။

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား တပည့်တော်များ ကောင်းမှုအကျိုးပွားတိုးစေခြင်းငှာ အရှင်ဘုရားသည် တပည့်တော်တို့ ပြုလုပ်စီမံထားသည့်

mgyoe.com

mgyoe.com SAMPLE BOOK


ရွှေထမ်းစင်ထက်သို့ ကြွရောက်သီတင်းသုံးတော်မူပါဘုရား”

ပန်းချီကားအဖြစ်မှ အသက်ဝင်လာသော ဗုဒ္ဓဆင်းတုတော်သည် ပဥ္စာလမင်း လျှောက်ထားသော ရွှေထမ်းစင်ပေါ်သို့ ကြွရောက်သီတင်းသုံးတော်မူသည်။ ထိုအခါ ပဥ္စာလမင်းသည် ဝမ်းမြောက်ဝမ်းသာ လျှောက်ထားသည်။

“အရှင်ဘုရား အရှင်ဘုရားသည် မရေတွက်နိုင်အောင် များပြားသော ကပ်ကမ္ဘာတို့၌ ကောင်းမှုကုသိုလ်တို့ကို ဖြည့်ကျင့်ဆည်းပူးတော်မူလျက် အလုံးစုံသော လူနတ် ဗြဟ္မာ သတ္တဝါတို့၏ အကျိုးစီးပွားကို ပြုတော်မူပြီး၍ နိဗ္ဗာန်သို့ ကြွသွားတော်မူပေ၏။

“ဘုန်းတော်ကြီးသော မြတ်စွာဘုရား အရှင်ဘုရားကို ရှိခိုးပူဇော် ဖူးမြော်ခြင်းပြုရသော တပည့်တော်၏ အသက်ရှင်ခြင်းသည် အကျိုးတရားများပြားလှပါ ၏။ ယနေ့ တပည့်တော်သည် သေရစေကာမူ တပည့်တော်အား အကျိုးရှိပါလတ္တံ့။ အရှင်ဘုရားသည် တပည့်တော်၏ကိုးကွယ်ရာ ကျွန်းကြီးသဖွယ် ဖြစ်တော်မူပါဘုရား”

ပဥ္စာလမင်းသည် မဟာရထမင်းကို ကျေးဇူးဆပ်ရန်အတွက် ကြီးမားသော စန္ဒကူးနှစ်ကိုရှာဖွေသည်။ ရလျှင် ပန်းချီကျော် ပန်းပုကျော်များကို ခေါ်ပြီး အပ်နှံသည်။

“အမောင် ပန်းချီ ပန်းပု လက်သမား ဤစန္ဒကူးနှစ်ကိုယူ၍ မြတ်စွာဘုရားပုံတော်ကို ဆက်သပါလော့”

ပန်းပုဆရာသည် ပဥ္စာလမင်း၏ အလိုတော်ကိုသိ၏။ ပဥ္စာလမင်းသည် သူ၏ ရာဇမဟာမိတ် မဟာရထမင်း ပေးပို့သော ပန်းချီကားထက် နှစ်ဆကြီးသော ဆင်းတုတော်ကို ထုလုပ်ပေးသည်။ ပဥ္စာလမင်း အလွန်နှစ်သက်ကာ ပန်းပုဆရာသို့ ဆုတော် လာဘ်တော်များ ချီးမြှင့်သည်။

“တိုင်းသူပြည်သား လူအများတို့ သင်တို့သည် ရွှေရှိပါက ငါနှင့်အတူ ဆင်းတုတော်ကို ရွှေသက်န်းကပ်လှူကြကုန်”

ထိုကြွေးကြော်သံကို လူအများကြားကြသည်။ သို့ရာတွင် ဝီရိယပဏ္ဍိတ အမည်ရှိသော ဥပါသကာကမူ များစွာစိတ်ဝင်စားသည်။ သူသည် ဘုရားဆင်း

mgyoe.com

mgyoe.com SAMPLE BOOK

တုတော်ကို ရွှေချချင်သည်။ သို့ရာတွင် သူ့ထံ၌ ရွှေနှင့်တူသော အရာဟူ၍ ရွေးမျက်နှာမည်းမျှ မရှိချေ။

ရွှေရရာရကြောင်းကို ဝီရိယပဏ္ဍိတ ကြံစည်သောအခါ ကိုယ်ကိုရောင်း၍ ရသောအသပြာဖြင့် ရွှေဝယ်ရန် စိတ်ကူးရရှိသည်။ ထို့ကြောင့် အိမ်သို့ပြန်လာကာ ဇနီးသည်နှင့် တိုင်ပင်သည်။

"ငါ၏ ချစ်လှစွာသော ချစ်ဇနီး သုဇာတာနှင့် ချစ်သားရေဝတတို့ သင်တို့ကို ငါ ပန်ကြားပြောဆိုပါရစေ။ မင်းတို့ဟာ ငါနဲ့ ခွဲခွာရတဲ့အတွက် စိုးရိမ်ပူဆွေးမှု မဖြစ်ကြပါနဲ့"

ထိုအခါ ဇနီးသုဇာတာက ပြန်လည်မေးမြန်းသည်။

"ကျေးဇူးတော်ရှင် သခင်၊ ဘယ်လိုအခက်အခဲ ဘယ်လိုအကြောင်းကိစ္စ ရှိပါသလဲ။ မထိတ်သာ မလန့်သာ စကားကို ဘာကြောင့်ပြောဆိုပါသလဲ"

"ရှု၍မငြီး ချစ်ဇနီး ယနေ့ ငါသည် 'ရွှေရှိသောသူသည် ငါနှင့်အတူ ဗုဒ္ဓ၏ဆင်းတုတော်ကို ရွှေသင်္ကန်းကပ်လှူနိုင်ပါသည်' ဟု မောင်းကြေးနင်းခတ်၍ အော်ဟစ်သံကို မြို့ထဲတွင် ကြားခဲ့ရ၏။ မင်းကြီးနှင့်တကွ ဘုရားဆင်းတုတော်ကို ရွှေသင်္ကန်း ကပ်လှူလိုပါ၏။ ထို့ကြောင့် ငါသည် မြို့ထဲလှည့်လည်၍ မိမိကိုယ်ကို ရောင်းပြီးလျှင် မင်းကြီးနှင့်အတူ မြတ်စွာဘုရားဆင်းတုတော်ကို ရွှေသင်္ကန်းကပ်လှူမလို့ပါ"

ထိုအခါ ချစ်ဇနီး သုဇာတာသည် ထိတ်လန့်စွာ ငိုကြွေးလျက် ဝီရိယပဏ္ဍိတကို တောင်းပန်၏။ တောင်းပန်၍မရသည့်အဆုံးတွင် သုဇာတာက တစ်ဖန် ထပ်မံ၍ အကြံပြုစကား ပြောကြားသည်။

"သက်နှင့်ထပ်တူ ကြည်ဖြူခင်မင် အိုချစ်လင်၊ သင်သည် ကျွန်တော်မကိုလည်းကောင်း၊ သားချစ် ရေဝတကိုလည်းကောင်း ပိုင်ဆိုင်သူမဟုတ်သလော။ သို့ဖြစ်၍ ကျွန်တော်မတို့ သားအမိမှာ သင်၏ကျွန်များသဖွယ် ဖြစ်နေပါသည်။ သို့အတွက် ကျွန်တော်မတို့ သားအမိကိုရောင်းပြီး ရရှိတဲ့အသပြာနဲ့ ရွှေဝယ် အသင်လိုရာ လုပ်လို့ရတာပဲ"

ထိုအစီအစဉ်ကို ဝီရိယပဏ္ဍိတ သဘောမတူပေ။ သို့တစေ ဇနီး

mgyoe.com

mgyoe.com
SAMPLE BOOK


သုဇာတာတစ်လှည့်၊ သားရေဝတ တစ်လှည့် တောင်းဆိုအကြံပေးကြသည်။ နောက်ဆုံးတွင် ကိုယ်တိုင်ရောင်းမည်ဟု သုဇာတာ ဆိုသောကြောင့် ဝီရိယ ပဏ္ဍိတ လက်လျှော့လိုက်ရသည်။

"အို ... မယားနှင့် သားတို့၊ သင်တို့နှစ်ယောက်သည် ငါ၏ မွန်မြတ်သော မိတ်ကောင်းဆွေမွန်တို့ ဖြစ်ကြကုန်၏။ သင်တို့သည် ငါ၏ပါရမီကို ကူ၍ဖြည့်ကြပါလော့"

ဝီရိယပဏ္ဍိတသည် သားနှင့်မယားကို သူကြွယ်တစ်ဦးထံတွင် ပေါင်နှံသည်။ ရရှိသောအသပြာဖြင့် ရွှေဝယ်သည်။ ရွှေများကို ပန်းထိမ်ဆရာက ရွှေပြားခတ်ပေးသည်။ ဝီရိယပဏ္ဍိတသည် ပန်းထိမ်သည်ပေးသော ရွှေကို ယူဆောင်လျက် ဗုဒ္ဓဆင်းတုတော်ထားရာ ဇရပ်သို့ ပြေးသွားသည်။ ဇရပ်သို့ ရောက်သော်လည်း ဝင်ခွင့်မရချေ။

"မိတ်ဆွေအစောင့်များ ကျွန်တော်ဟာ မြို့ထဲမှာ သွားရင်းလာရင်း ဘုရင်မင်းမြတ်ရဲ့ မောင်းကြေးနင်းသံကို ကြားရတဲ့အတွက် ရွှေရှာပြီး လာခဲ့ပါပြီ။ ဝင်ပြီး ရွှေချပါရစေ"

"အို ပညာရှိမိတ်ဆွေ ငါတို့ဘုရင်သည် ဘုရားဆင်းတုတော်ကို ရွှေသင်္ကန်းကပ်လှူဖို့ အချိန်ကောင်းကို စောင့်နေ ပါတယ်။ ဒါကြောင့် ဆင်းတုတော်ကို ငါတို့မင်းကြီးထက်စောပြီး ရွှေသင်္ကန်းကပ်လှူခွင့်မပေးနိုင်ပါမိတ်ဆွေ"

"အို ဇရပ်စောင့်တို့ ကျွန်တော်ဟာ သားမယားကို ပေါင်နှံပြီး ရွှေသင်္ကန်းကပ်လှူလိုသော အာသာဆန္ဒဟာ ဘာမျှ ပြောစရာမရှိတဲ့အတွက် မြတ်စွာဘုရားဆင်းတုတော်ကို ရွှေသင်္ကန်းကပ်မည်"

ဝီရိယပဏ္ဍိတသည် မင်းကြီးထားသော ဇရပ်စောင့်များ၏ ခွင့်ပြုချက်မရသော်ငြား ဆင်းတုတော်ရှိရာသို့ ဝင်သွားသည်။ ဤသည်ကို အစောင့်များက ခွင့်မပြု။ ဆွဲထုတ်ကြသည်။

"အို ပညာရှိယောကျ်ား ဆင်းတုတော်ကို ယနေ့ ရွှေသင်္ကန်းကပ်လှူလိုပါက ပြည့်ရှင်မင်းထံသို့ သွားရောက်ခွင့်တောင်းပါလော့။ အကယ်၍ ပြည့်ရှင်မင်းက ခွင့်ပြုခဲ့လျှင် မြတ်စွာဘုရားဆင်းတုတော်ကို ရွှေသင်္ကန်းကပ်လှူခွင့်

mgyoe.com

mgyoe.com SAMPLE BOOK

ရပါလိမ့်မည်"

ထိုအခါ ဝီရိယပဏ္ဍိတသည် အစောင့်များကို ဆက်လက်ပြီး ကဏ္ဍကောစ မလုပ်တော့ဘဲ ဘုရင့်ရှေ့တော်သို့ ဝင်ရောက်ခဲ့သည်။

"အရှင်မင်းကြီး ကျွန်တော်မျိုးဟာ ယနေ့ပင်လျှင် အရှင်မင်းကြီးနှင့်အတူ မြတ်စွာဘုရား ရုပ်ပွားတော်ကို ရွှေသင်္ကန်း ကပ်လှူပါရစေဘုရား"

"ခွင့်မပြုနိုင်ဘူး မောင်မင်း"

"ကျွန်တော်မျိုးကို သနားတော်မူပါ အရှင်မင်းကြီး၊ ကျွန်တော်မျိုးဟာ ဒီရွှေတွေကိုရဖို့အတွက် သားနဲ့မယားကို သူကြွယ်တစ်ဦးထံမှာ အပေါင်ထားခဲ့ရပါတယ် ဘုရား"

ထိုမျှ သဒ္ဓါတရားကြီးမားသူကို ဆက်လက်တားမြစ်ရန် မသင့်လျော်ပေ။ သို့ရာတွင် မိမိအရင် ရွှေချခွင့်လည်း မပေးလိုပေ။ သို့ကြောင့် ပရိယာယ်စကားကို သုံးသည်။

"အမောင် ဝီရိယပဏ္ဍိတ၊ မြတ်စွာဘုရား ဆင်းတုတော်ကို သွားပြီး ခွင့်တောင်းပါ။ အဲဒီဆင်းတုတော်က မောင်မင်းကို စကားပြောမယ်၊ ရွှေသင်္ကန်း ကပ်လှူခွင့်ပေးရင် ငါကလည်း ပေးရမှာပေါ့။ မြတ်စွာဘုရား ဆင်းတုတော်ကို ငါနဲ့အတူ ရွှေသင်္ကန်း ကပ်လှူခွင့်ရလိမ့်မယ် မောင်မင်း"

ဆင်းတုတော်က စကားပြောလျှင်ဆိုသော စကားသည် ဝီရိယပဏ္ဍိတကို မဖြစ်နိုင်သောစကား၊ ပျားရည်ဖြင့် ဝမ်းချလိုက်ခြင်းဖြစ်သည်။ သို့သော် ဝီရိယပဏ္ဍိတက ဆင်ခြေဆက်လက် များမနေဘဲ ဆင်းတုတော်ရှိရာအရပ်သို့ ပြေးလာသည်။ ဝီရိယပဏ္ဍိတသည် မြတ်စွာဘုရားဆင်းတုတော်ရှေ့တွင် ရှိသေပျပ်ဝပ်စွာ ရှိခိုးဦးချလျက် လျှောက်ထားသည်။

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား တပည့်တော် တောင်းပန်လျှောက်ထားပါရစေဘုရား။ တပည့်တော်အား သနားသောအားဖြင့် တပည့်တော်ကို စကားတစ်စုံတစ်ရာ မြွက်ကြားတော်မူပါဘုရား။ တပည့်တော်ကို အရှင်ဘုရားက တစ်စုံတစ်ရာ မြွက်ကြားပါမှ တပည့်တော်မှာ အရှင်ဘုရားကို ရွှေသင်္ကန်း ကပ်လှူခွင့် ရမှာပါဘုရား"

mgyoe.com

mgyoe.com
SAMPLE BOOK


ဆင်းတုတော်ကား ဝိရိယပဏ္ဍိတရှေ့တွင် ငြိမ်သက်စွာ စံပယ်နေတော်မူမြဲ နေလျက်သာရှိ၏။ သို့ရာတွင် ဝိရိယပဏ္ဍိတသည် အားလျော့စိတ်ပျက်ခြင်း မရှိ ဆက်လက်လျှောက်ထား၏။

"ရှင်တော်မြတ်ကြီးဘုရား အခု အရှင်ဘုရားကို ကပ်လှူမယ့်ရွှေတွေ ရဖို့အရေးအတွက် မယားနဲ့သားကို သူကြွယ်တစ်ယောက်ထံမှာ ပေါင်နှံထားခဲ့ရပါတယ် ဘုရား။ အဲဒါကြောင့် ..."

"ဒါယကာ ဝိရိယပဏ္ဍိတ ကောင်းလှပေ၏။ သင့်အလိုဆန္ဒအားလျော်စွာ ဆောင်ရွက်လော့"

ဆင်းတုတော်ကား စကားပြောခြင်းမဟုတ်။ ဆင်းတုတော်ကို စောင့်ရှောက်သောနတ်မှာ ဝိရိယပဏ္ဍိတကို သနားပြီး ပူးကပ်ပြောခြင်းဖြစ်၏။ မည်သို့ဖြစ်စေ ပဉ္စာလမင်းသည် အခြံအရံကြီးကျယ်စွာ ခြံရံလျက် ရောက်လာကာ မြတ်စွာဘုရားကို ရှိခိုးပူဇော်သည်။ ဝိရိယပဏ္ဍိတမှာလည်း ဘုရင့်ခွင့်ပြုချက်ဖြင့် ဆင်းတုတော်ကို ရွှေသင်္ကန်းကပ်လှူရာ လက်ချောင်းများအရောက်တွင် ကုန်သွားသည်။

"ရွှေကုန်သွားပြီ။ နောက်ထပ် ရွှေဝယ်ဖို့အတွက် ငါ့အသားကို ဖဲ့ရောင်းမလား၊ ငါ့တစ်ကိုယ်လုံးကိုရောင်းမလား။ ဒါမှမဟုတ် အသားကိုခွာပြီး ရွှေပြားအဖြစ် ကပ်လှူမလား"

ထိုသို့ရှိစဉ် ဝိရိယပဏ္ဍိတအားသို့ သိမ်မွေ့သောအမူအရာရှိသည့် လူတစ်ယောက် ရောက်ရှိလာ၏။

"သင်ဟာ ရွှေပန်းထိမ်သည်လား။ လူ့အသားကို ရွှေပြားလုပ်လို့ရသလား"

"အဖိုးအခရရင် လုပ်ပေးပါတယ်"

"ဒါဖြင့်ရင် ကျွန်တော့်အသားကို ရွှေပြားဖြစ်အောင် လုပ်ပေးပါ။ မြတ်စွာဘုရားကို ပူဇော်ချင်လို့ပါ"

ဝိရိယပဏ္ဍိတ၏ အသားခွာပြီး ရွှေသင်္ကန်းကပ်လှူသည့်သတင်းသည် ပဉ္စာလတစ်မြို့လုံး ပြန့်သွားသည်။ မြို့သူမြို့သားများနှင့် ပဉ္စာလမင်းသည်

mgyoe.com

mgyoe.com SAMPLE BOOK

ဝီရိယပဏ္ဍိတ၏ သဒ္ဓါတရားကို ကောင်းချီးပေးကြသည်။ ဘုရင်မင်းမြတ်က ဝီရိယပဏ္ဍိတ ပေါင်နှံ့ထားသော သားနှင့်မယားကို ရွေးယူလာပြီး ဝီရိယပဏ္ဍိတသို့ပေး၏။

ဝီရိယပဏ္ဍိတ၏အသားကို အလိုးခိုင်းသော ရွှေပန်းထိမ်သည်သည် လူ့အသွင်ကွယ်ပျောက်ကာ နတ်အသွင်သို့ ရောက်သည်။ သူသည် သိကြားမင်းဖြစ်ကြောင်း၊ ဝီရိယပဏ္ဍိတကို ပါရမီဖြည့်ရန် ရောက်ရှိလာကြောင်း ရှင်းပြပြီးနောက် ကောင်းချီးပေးကာ ကွယ်ပျောက်သွားလေ၏။

❑

mgyoe.com

mgyoe.com SAMPLE BOOK

# ရှားတောထဲက သာမဏေ

မြတ်စွာဘုရား၏ လက်ယာတော်ရံ အရှင်သာရိပုတ္တရာမထေရ်သည် ၈၇ ကုဋေရှိသော ဥစ္စာများကို ပယ်စွန့်ပြီး ရဟန်းပြုတော်မူခဲ့ကာ နှမသုံးယောက်နှင့် ညီနှစ်ယောက်ကို ရဟန်းဘောင်သို့ သွတ်သွင်းပေးတော်မူခဲ့၏။ နှမများကား စာလာနှင့် ဥပစာလာ၊ သီသူပစာလာတို့ဖြစ်၍ ညီများမှာ စုန္ဒနှင့် ဥပသေနတို့ ဖြစ်ကြ၏။ သို့ကြောင့် အရှင်၏ ညီအငယ်ဆုံး ရေဝတတစ်ယောက်သာ အိမ်၌ ကျန်တော့၏။

သို့အတွက် အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးက ရဟန်းများကို မှာကြားထားသည်။

"ငါ့ရှင်တို့ ရေဝတဟာ ရဟန်းပြုချင်တယ်ဆိုပြီး ရောက်လာရင် ချက်ချင်းပဲ ရဟန်းပြုပေးလိုက်ကြ။ ငါ့မယ်တော် ခမည်းတော်တို့ဟာ မိစ္ဆာအယူရှိသူတွေဖြစ်တဲ့အတွက် သူတို့ဆီ ခွင့်ပန်နေလို့ ဘာလုပ်မှာတုံး။ ငါပဲ ရေဝတအဖေ၊ ငါပဲ ရေဝတအမေဖြစ်တယ်"

အရှင်သာရိပုတ္တရာ၏ သဘောထားကို ရိပ်မိသော မယ်တော်ကြီးသည် သားငယ်ရေဝတကို ခုနစ်နှစ်အရွယ်မှာပင် အိမ်ထောင်ချပေးရန် စီစဉ်တော့၏။

mgyoe.com

mgyoe.com SAMPLE BOOK

သို့ဖြင့် ရေဝတကို ဝတ်စားတန်ဆာ ကောင်းစွာဆင်ယင်ပေးပြီး သတို့သမီးအိမ်သို့ မိန်းမတောင်းရန် ထွက်ခွာလာခဲ့ကြလေ၏။

သတို့သမီးအိမ်တွင် မင်္ဂလာစကားပြောအပြီး၌ သတို့သမီးကို ဆုပေးကြသည်။

"ချစ်သမီး သင်ဟာ သင့်အဘွားမြင်သိသော တရားကိုမြင်ရပြီး အဘွားလိုပဲ အသက်ရှည်ပါစေ"

"သတို့သမီးရဲ့ အဘွားဆိုတာ ဘယ်မှာတုံး"

ထိုအခါ မင်္ဂလာသြဝါဒစကားပြောသူများက ရေဝတ၏အမေးကို ဖြေကြ၏။

"ချစ်သား ...အသက် ၁၂၀ ရှည်တဲ့ အဘွားကို မမြင်ဘူးလား။ သွားတွေကျိုး၊ ဆံပင်တွေဖွေးပြီး အရေတွေတွန့်လိပ်၊ မှည့်ခြောက်တွေ ဗရပွနဲ့ ခါးကုန်းနေတဲ့ အဘွားကို မမြင်ဘူးလားကွာ"

ထိုအခါ ရေဝတသည် အဘွားကို စေ့စေ့ကြည့်လျက် ဆုံးမသြဝါဒပေးသူများကို မေး၏။

"ဒါဖြင့် သတို့သမီးလည်း သူ့အဘွားလို ဖြစ်မှာပဲလား"

"အေးပေါ့၊ မင်းဇနီးဟာ သူ့အဘွားလို အသက်ရှည်ရင် သူ့အဘွားအခုဖြစ်သလို ဖြစ်မှာပဲလေ"

ထိုအဖြေသည် ရေဝတအား ရဟန်းပြုချင်အောင် တွန်းပို့ရာရောက်၏။ ရေဝတသည် သူ့နောင်တော် ဥပတိဿ ရဟန်းပြုသွားခြင်းမှာ ဤသို့သော ဖောက်ပြန်မှုများကို မြင်သောကြောင့်ဖြစ်မည်။ သို့ကြောင့်တစ်နည်း ရဟန်းပြုအံ့ဟု ကြံစည်လေ၏။

ရေဝတ၏အကြံကို မသိသော ဆွေမျိုးများသည် သတို့သားနှင့် သတို့သမီးကို လှည်းပေါ်တင်လျက် ရွာသို့ ပြန်လာကြ၏။ ထိုအခါ ရေဝတသည် ဝမ်းကိုက်ဟန်ဆောင်ပြီး လှည်းကို မကြာခဏ အရပ်ခိုင်းသည်။ ဆင်းချည်၊ သက်ချည်၊ ချုံကွယ်မှ ပြန်ထွက်လာချည် ပြုဖန်များသောအခါ အတူပါလာသူများ သတိပေါ့လျော့လာသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


"သွားနှင့်ကြပါ။ ကျွန်တော် လိုက်ခဲ့ပါ့မယ်"

ရေဝတ အမှန်ပင် လိုက်လာလိမ့်မည်ထင်ပြီး နမော်နမဲ့သွားကြတော့မှ ရေဝတပြေးသည်။ ရဟန်းသုံးကျိပ် သီတင်းသုံးသောကျောင်းထဲသို့ ပြေးဝင်သည်။

"အရှင်ဘုရားတို့၊ တပည့်တော်ကို ရှင်သာမဏေပြုပေးတော်မူကြပါဘုရား"ရဟန်းတို့သည် ဝတ်ကောင်းစားလှ ဝတ်ဆင်ထားသော ရေဝတကို အမတ်သား၊ ဘုရင့်သားထင်သဖြင့် ရှင်ပြုမပေးကြပေ။ ရေဝတက သူသည် အရှင်သာရိပုတ္တရာ၏ ညီအငယ်ဆုံးပါဟု ပြောမှသာ ရှင်ပြုပေးကြ၏။ ထို့နောက် ရဟန်းများသည် နောင်တော်ကြီး အရှင်သာရိပုတ္တရာထံ အကြောင်းကြားကြလေ၏။

ထိုအခါ အရှင်သာရိပုတ္တရာသည် သာမဏေရေဝတထံသွားရန် မြတ်စွာဘုရားထံ ခွင့်ပန်သည်။ မြတ်စွာဘုရားက ဆိုင်းဦးဆိုသဖြင့် မသွားရပေ။ တစ်ဖန် သုံးလေးရက်အကြာတွင် ထပ်မံပန်ကြားသောအခါ "ငါတို့လည်းလိုက်အံ့"ဆိုသဖြင့် မသွားဘဲ နေရပြန်သည်။

ထိုအတောအတွင်း၌ သာမဏေ ရေဝတသည် ဆွေမျိုးများ လိုက်လာမည်စိုးသောကြောင့် ဆရာရဟန်းတို့ထံ၌ ကမ္မဋ္ဌာန်းတရားကို သင်ယူပြီး ဒေသစာရီလှည့်လည်၏။ သူရှင်ပြုသောအရပ်နှင့် ယူဇနာ ၃၀ ကွာလှမ်းသောရှားတော၌ ဝါဆိုသည်။ ထိုအတွင်း၌ပင် သာမဏေရှင်ရေဝတသည် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်တော်မူသည်။

အရှင်သာရိပုတ္တရာသည် ပဝါရဏာပြုအပြီး၌ ညီငယ်ရေဝတထံ သွားခွင့်ပြုရန် ခွင့်ပန်ပြန်သည်။ ဤအခါတွင်ကား မြတ်စွာဘုရားသည် ရဟန်း ၅၀၀ နှင့်တကွ ကျောင်းတော်မှ ထွက်ကြွတော်မူသည်။ ထိုသို့ မြတ်စွာဘုရားနှင့် သံဃာတော်အပါး ၅၀၀ ကြွလာတော်မူကြောင်းကို သာမဏေရေဝတသိလျှင် ဂန္ဓကုဋီတိုက်တော်နှင့်အထွတ်တပ်သော ကျောင်း ၅၀၀ ကို နေ့သန့်ရာ၊ ညဥ့်သန့်ရာ စင်္ကြံသွားရာပါမကျန် ဖန်ဆင်းလျက် စောင့်ကြိုနေသည်။

မြတ်စွာဘုရားသည် အရှင်ရေဝတဖန်ဆင်းသော နေရာ၌ တစ်လမျှ

mgyoe.com

m g y o e . c o m SAMPLE BOOK


သီတင်းသုံးတော်မူပြီးနောက် ပြန်လည်ကြွမြန်းတော်မူ၏။ မြတ်စွာဘုရား၏ နောက်ပါရဟန်း ၅၀၀ အနက် ပုထုဇဉ်ရဟန်းနှစ်ပါးသည် အထင်လွဲစကားဖြင့် အတင်းပြောကြ၏။

"သည့်ရဟန်းဟာ ဒါလောက် အပိုအလုပ်တွေ လုပ်နေမှတော့ ဘယ်လို လုပ်ပြီး ရဟန်းတရားကို အားထုတ်နိုင်မှာတုံး"

"မြတ်စွာဘုရားဟာ အရှင်သာရိပုတ္တရာရဲ့ ညီငယ်ဖြစ်တယ်ဆိုပြီး မျက်နှာလိုက်တဲ့သဘောနဲ့ ကြွလာတာပါ"

ထိုပုထုဇဉ် ရဟန်းနှစ်ပါးသည် မြတ်စွာဘုရား ပြန်ကြွသောအခါ ပြန် လည်လိုက်ပါကြရာတွင် ဆီကျည်တောက်နှင့် ဖိနပ်၊ ရေဘူးတို့ကို မေ့ကျန်ခဲ့ကြ သည်။ အရှင်ရေဝတသည် မြတ်စွာဘုရားနှင့် သံဃာတော်များ ပြန်လည်ကြွ မြန်းသွားချိန်တွင် မိမိ၏တန်ခိုးပြာဋိဟာကို စွန့်လွှတ်လိုက်ပြီ။ ထိုအခါ တော သည် ပင်ကိုသဘာဝအတိုင်း တည်ရှိလေ၏။

ဆီကျည်တောက်နှင့် ဖိနပ်၊ ရေဘူး မေ့ကျန်ခဲ့သောကြောင့် ပြန်လှည့် လာသော ရဟန်းနှစ်ပါးသည် ပြေပြစ်သော စကြံကို မတွေ့ရတော့ပါ။ ကျောက် တုံးကျောက်ခဲ သစ်ငုတ်ဖုံးလွှမ်းသော ရှားတောကို တွေ့ကြရ၏။ မည်သည့် နေရာဟု အတိအကျ မမှတ်မိသဖြင့် ဆူးစူးခံကာ ရှာဖွေတော့မှ ရှားပင်၌ ချိတ်ဆွဲထားသော မိမိတို့ဥစ္စာများကို ယူငင်ပြီး မြတ်စွာဘုရား နောက်တော် သို့ အမီလိုက်ကြရ၏။

သာဝတ္ထိပြည်၌ အနာထပိဏ်သူဌေး၏အိမ်သည် ရဟန်းတော်များဖြင့် စည်ကားသည့်နည်းတူ ရာဇဂြိုဟ်ပြည်၌လည်း ကျောင်းဒါယိကာမကြီး ဝိသာ ခါ၏အိမ်သည် သင်္ကန်းရောင် ထိန်လျှပ်စည်ဝေ၏။ အရှင်ရေဝတထံသို့ မြတ်စွာဘုရားကြွတော်မူစဉ်က ပါသွားပြီး ဆီကျည်တောက်နှင့် ဖိနပ်ရေဘူး မေ့ကျန်သော ရဟန်းနှစ်ပါးလည်း ဝိသာခါ၏ ယာဂုအလှူခံပြီးနောက် ခဲဖွယ် ဘုဉ်းပေးနေစဉ် ဒါယိကာမကြီး ရောက်လာကာ မေးလျှောက်သည်။

"အရှင်ဘုရားတို့ ရှင်ရေဝတရဲ့ကျောင်းကို မြတ်စွာဘုရား ကြွတော်မူ တုန်းက အရှင်ဘုရားတို့ ပါသေးလားဘုရား"

m g y o e . c o m

"ဘယ်နေစိမ့်မတုံး၊ ပါတာပေါ့"

"ရှင်ရေဝတရဲ့ တောကျောင်းဟာ ဘယ်လိုနေသတုံးဘုရား။ သာသာယာယာရှိရဲ့လား"

ထိုအခါ ဆီကျည်တောက်နှင့် ဖိနပ်ရေဘူးမေ့ကျန်သောကြောင့် ပြန်ယူခဲ့ရသော ရဟန်းနှစ်ပါးက ခေါင်းခါကြ၏။

"ဒါယိကာမကြီး၊ ရှင်ရေဝတရဲ့နေရာဟာ ဘယ်လိုလုပ်ပြီး မွေ့လျော်ဖွယ်ရှိမှာတုံး။ ဆူးပင်တွေ ရှားပင်တွေနဲ့ ရှုပ်ထွေးပြီး ပြိတ္တာနေတဲ့ တောအုပ်လားမှတ်ရ"

ထိုဒါယိကာမကြီးသည် ဤမျှဖြင့် မနေပါ။ ထိုရဟန်းနှစ်ပါး ကြွသွားပြီး မကြာမီ ကြွရောက်လာသော ရဟန်းငယ်နှစ်ပါးထံ၌ ရှေးနည်းတူမေးလျှောက်ပြန်ရာ မတူသော အဖြေကို ကြားရ၏။

"ဒါယိကာမကြီး ...ရှင်ရေဝတရဲ့ နေရာဟာ ချီးမွမ်းဖို့ မတတ်နိုင်ဘူး။ သုဓမ္မာနတ်သဘင်နဲ့ အတူတူပဲ။ တန်ခိုးနဲ့ ဖန်ဆင်းထားသလား မသိဘူး"

ဒါယိကာမကြီး ဝိသာခါသည် မတူသော အဖြေနှစ်ခုကို ကြားရသောအခါ ဤသို့ဆင်ခြင်မိ၏။

"သြော် ...ခုနကကြွသွားတဲ့ ရဟန်းကြီးနှစ်ပါး မိန့်တော်မူပုံနဲ့ နောက်ကြွလာတဲ့ ရဟန်းတော်နှစ်ပါး ပြောပုံဟာ မတူဘူး။ မတူရတဲ့ အကြောင်းကတော့ ရှေ့ကနှစ်ပါးဟာ တစ်ခုခုမေ့ကျန်လို့ ပြန်ယူတော့ တန်ခိုးလွှတ်ရုပ်သိမ်းမှ ရောက်သွားကြတာဖြစ်မယ်။ ရဟန်းငယ်နှစ်ပါးကတော့ တန်ခိုးနဲ့ပြုပြင်စီရင်ထားတာ ကြုံခဲ့ကြဟန်တူရဲ့။ အင်း ... မြတ်စွာဘုရားကြွလာတော်မူမှပဲ မေးလျှောက်ရတော့မှာပဲ"

များမကြာမီ အချိန်အတွင်း၌ မြတ်စွာဘုရားသည် သံဃာတော်များခြံရံလျက် ကြွရောက်တော်မူလာ၏။ ထိုအခါ ဝိသာခါ ဒါယိကာမကြီးသည် တင့်အပ်လျောက်ပတ်သော နေရာ၌နေကာ မေးလျှောက်၏။

"အရှင်မြတ်ဘုရား အရှင်ရေဝတထံကို အရှင်ဘုရား ကြွသွားတော်မူတဲ့အခါမှာ အတူလိုက်ပါတဲ့ ရဟန်းတော်တချို့က အရှင်ရေဝတရဲ့ နေရာဟာ

mgyoe.com

mgyoe.com SAMPLE BOOK

ရှားချုံရှုပ်ထွေးတဲ့ တောလို့ ဆိုကြပါတယ်ဘုရား။ အရှင်ဘုရားနဲ့အတူ လိုက်ပါတဲ့ ရဟန်းတော်တချို့ကတော့ မွေ့လျော်ဖွယ်ရှိတယ်လို့ ဆိုကြပါတယ်ဘုရား"

သွားရေးလာရေး ခက်ခဲပြီး ရေမိုးရှားပါးသော ဤနေရာတွင် သီတင်းသုံးသည့်အတွက် အရှင်ရေဝတသည် ခြိုးခြံစွာသီတင်းသုံးသည့်အရာ၌ ဧတဒဂ်ရတော်မူပြီး ဖြစ်သည်။

အရှင်ရေဝတသည် နှစ်ဖက်သော မိဘ၏ အခြံအရံတွေ အလွယ်တကူ လိုက်မလာနိုင်စေရန် ဤနေရာတွင်နေခြင်းဖြစ်ရာ အဆင်ပြေသည့်နေရာမဖြစ်ဖို့ကများသည်။ သန်း၊ ဒဟတ်၊ ထနောင်း၊ ရှား စသော ဆူးရှိသည့်အပင်တွေ လွှမ်းသည့် နေရာဖြစ်ဖို့ များပါသည်။ ထိုမှတစ်ပါး ထိုနေရာသည် လှို၊ မြောင်၊ ချိုင့်ဝှမ်းလည်း ထူထပ်မည့်အပြင် ရှားစောင်းပြာသာဒ်ကဲ့သို့သော အပင်များ၊ စွန်လက်သည်းနှင့် အခြားဆူးချုံပင်များလည်း ထူထပ်စွာ ပေါက်ရောက်နေမည်မှာ သေချာ၏။

သို့ဖြစ်သောကြောင့် ရဟန္တာရှင်ရေဝတ၏ တန်ခိုးတော်ကြောင့်သာ မွေ့လျော်ဖွယ်ကောင်းသော နေရာဖြစ်မည်။ တန်ခိုးတော်ကို ရုပ်သိမ်းလိုက်ချိန်တွင် ပကတိ ဆူးတော၊ ခယောင်းတောသာ ဖြစ်နေပေသည်။

ဤသဘောကို ကျောင်းဒါယိကာမကြီးပင် ခန့်မှန်းတတ်၏။ သို့ပါလျက်နှင့် သူက မြတ်စွာဘုရားသို့ လျှောက်ထား၏။ မြတ်စွာဘုရား၏ အဖြေကား ဝိသာခါ ခန့်မှန်းတွက်ဆထားပုံနှင့် မတူပေ။

"ဂါမေ ဝါ ယဒိ ဝါ ရညေ၊

နိန္နေ ဝါ ယဒိ ဝါ ထလေ။

ယတ္ထ အရဟန္တော ဝိဟရန္တိ၊

တံ ဘူမိ ရာမဏေယျကံ"

"ဂါမေ ဝါ– ရွာ၌မူလည်း ဖြစ်စေ၊ ယဒိ– ထိုမှတစ်ပါး၊ အရညေ ဝါ– တော၌မူလည်း ဖြစ်စေ၊ နိန္နေ ဝါ– ချိုင့်ဝှမ်းရာ နိမ့်ရာ အရပ်၌မူလည်းဖြစ်စေ၊ ယတ္ထ– အကြင်အရပ်၌၊ အရဟန္တော– ရဟန္တာတို့သည်၊ ဝိဟရန္တိ– နေကြကုန်

mgyoe.com

mgyoe.com SAMPLE BOOK 

၏။ တံ ဘူမိ– ထိုနေရာအရပ်သည်၊ ရာမဏေယျကံ– မွေ့လျော်နှစ်သက်ဖွယ် ရှိ၏”

“ဒါယိကာမကြီး ရွာ၌မူလည်း ဖြစ်စေ၊ တော၌မူလည်းဖြစ်စေ၊ အကြင်နေရာအရပ်၌ ရဟန္တာတို့ နေကြကုန်၏။ ထိုနေရာအရပ်သည် မွေ့လျော်ဖွယ်ရှိသည်သာတည်း”ဟု မိန့်တော်မူပြီး အထက်ပါဂါထာကို အနုသန္ဓေစပ်လျက် ဟောတော်မူ၏။ ဒေသနာတော်၏အဆုံး၌ များစွာသောသူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြ၏။

❑

mgyoe.com

mgyoe.com SAMPLE BOOK

# နွားခြေရာနောက်သို့လိုက်သည့် လှည်းဘီး

လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် စက္ခုပါလမထေရ်ကို အကြောင်းပြု၍ ဤဂါထာကို ဟောတော်မူ၏။ စက္ခုပါလမထေရ်၏အကြောင်းကား ဤသို့တည်း။

သာဝတ္ထိပြည်၌ မဟာသုဝဏ္ဏ အမည်ရှိသည့် သူကြွယ်တစ်ဦး ရှိ၏။ သူသည် သားသမီး မရှိသောကြောင့် တောစိုး သစ်ပင်ကို ရှင်းလင်းသုတ်သင်ကာ သားဆုတောင်းသည်တွင် သားနှစ်ယောက်ရ၏။ သားအကြီးမှာ မဟာပါလဖြစ်၍ သားအငယ်မှာမူ စူဠပါလ ဖြစ်သည်။

မဟာပါလနှင့် စူဠပါလတို့ အိမ်ရာထောင်ကျချိန်တွင် မိဘများ ကွယ်လွန်ခဲ့ကြသည်။ ထိုအချိန်က သာဝတ္ထိပြည်၏ လူဦးရေမှာခုနစ်ကုဋေရှိ၍ ထိုအရေအတွက်မှ နှစ်ကုဋေသောလျှင် ပုထုဇဉ်ရှိသည်။ ပြည်သူပြည်သား လူအများသည် နံနက်အခါတွင် အလှူကို လှူကြပြီး ညချမ်းအခါတွင် ပန်းနံ့သာ လက်စွဲလျက် တရားနာရန် ကျောင်းတော်သို့ သွားကြ၏။

တစ်နေ့သ၌ မဟာပါလသူကြွယ်လည်း တရားနာသွားသော ပရိသတ်

mgyoe.com

နှင့် လိုက်သွားကာ ပရိသတ်အစွန်အဖျားမှ တရားနာယူသည်။

မြတ်စွာဘုရားတို့မည်သည်ကား တရားဟောတော်မူရာ၌ တရားနာပုဂ္ဂိုလ်အလို၏ အစွမ်းအားဖြင့် တရားဟောတော်မူ၏။

သို့ဖြစ်သဖြင့် မြတ်စွာဘုရားသည် ထိုနေ့၌ မဟာပါလ၏ ဥပနိဿယကို ကြည့်တော်မူလျက် တရားဟောတော်မူသည်။ မဟာပါလသည် သီလနှင့်စပ်သော တရားစကားကိုလည်းကောင်း၊ နတ်ရွာနှင့်စပ်သော တရားစကားကိုလည်းကောင်း၊ ကာမဂုဏ်တို့၏ ယုတ်ညံ့ခြင်းနှင့်အဖြစ်ကိုလည်းကောင်း၊ ထိုကာမဂုဏ်တို့မှ လွတ်မြောက်ကြောင်းကိုလည်း နာကြားရသည်။ မဟာပါလသူကြွယ်လည်း မြတ်စွာဘုရား ဟောကြားတော်မူသော တရားတော်ကို နာကြားရသဖြင့် ဤသို့ စိတ်အကြံဖြစ်၏။

"တမလွန်ဘဝကို သွားတဲ့သူရဲ့နောက်ကို သားသမီးတွေ ညီအစ်ကိုမောင်နှမတွေ စည်းစိမ်ဥစ္စာတွေဟာ လိုက်မလာ ကြဘူး။ ခန္ဓာကိုယ်ကြီးကလည်း မလိုက်ဘူး။ ဒီတော့ လူ့ဘောင်မှာနေလို့ ငါ့မှာ ဘာအကျိုးရှိမှာတုံး ရဟန်းပြုမယ်"

ထိုသို့ ကြံစည်မိသော မဟာပါလသူကြွယ်သည် ပရိသတ်အစဲ၌ မြတ်စွာဘုရား၏ထံတော်ပါးသို့ ချဉ်းကပ်လျှောက်ထား၏။

"အရှင်ဘုရား ...တပည့်တော်ကို ရဟန်းပြုတော်မူပါဘုရား"

"ဒါယကာ သင့်အား တစ်စုံတစ်ယောက် ပန်ကြားသင့် ပန်ကြားထိုက်သူရှိက ထိုသူအား ပန်ကြားခဲ့ဦးလော့"

မဟာပါလသူကြွယ်သည် မြတ်စွာဘုရား မိန့်တော်မူသည့်အတိုင်း ညီငယ်စူဠပါလထံ အခွင့်တောင်းရာ မရချေ။ နောက်ဆုံးတွင် ကြီးရင့်သောကာလကျမှ ရဟန်းပြုရန် အပျော့ဆွဲ ဆွဲသော်ငြား မလိုက်လျောပေ။

"ညီချစ်... ကြီးရင့်သော သူမှာ ကိုယ့်ခြေ ကိုယ့်လက်တောင် ကိုယ့်အလိုကို မလိုက်တာကို ဘယ်မှာ ဆွေမျိုးတွေက အားထားလို့ရမှာတုံး"

ထိုသို့ဆိုကာ သူကြွယ်မဟာပါလသည် ရဟန်းပြု၏။ ထို့နောက် မဟာပါလရဟန်းသည် ဆရာဥပဇ္ဈာယ်တို့၏ထံ၌ ငါးဝါနေပြီးမှ မြတ်စွာဘုရားကို

mgyoe.com

mgyoe.com SAMPLE BOOK

မေးလျှောက်သည်။

"အရှင်ဘုရား ... ဤသာသနာတော်မှာ ဓုရဘယ်လောက်ရှိပါသလဲ ဘုရား"

"ချစ်သား ... ဂန္ထဓုရနှင့် ဝိပဿနာဓုရဟူ၍ နှစ်ပါးရှိပေ၏"

"အဲဒါတွေက ဘာတွေပါလဲ ဘုရား"

"ချစ်သား... မိမိပညာနှင့်လျော်သည့် တစ်ခုသော နိကာယ်ကိုလည်းကောင်း၊ နှစ်ခုသော နိကာယ်ကိုလည်းကောင်း၊ အလုံးစုံသော ပိဋကတ်သုံးပုံဟု ဆိုအပ်သော အလုံးစုံသော တရားစကားတော်တို့ကိုလည်းကောင်း သင်ယူ၍ ၎င်းပိဋကတ်သုံးပုံကို ဆောင်တာ၊ သင်အံတာ၊ ပို့ချတာဟာ ဂန္ထဓုရမည်တယ် ချစ်သား။

ပေါ့ပါးတဲ့အသက်မွေးခြင်းရှိပြီး ဆိတ်ငြိမ်တဲ့ကျောင်းအရပ်မှာနေထိုင်ပြီး မိမိကိုယ်ရဲ့ ပျက်ခြင်း၊ ချုပ်ခြင်း ခယဝယ ကမ္မဋ္ဌာန်းကိုဖြစ်စေပြီး အရဟတ္တဖိုလ်တိုင်အောင် ကျင့်ကြံအားထုတ်တာဟာ ဝိပဿနာဓုရမည်တယ်"

"အရှင်ဘုရား တပည့်တော်ဟာ အသက်ကြီးရင့်မှ ရဟန်းပြုတဲ့အတွက် ဂန္ထဓုရကို အားမထုတ်နိုင်ပါဘုရား။ ဝိပဿနာဓုရကိုသာ ဟောတော်မူပါ ဘုရား"

သို့ဖြစ်သဖြင့် မြတ်စွာဘုရားသည် မဟာပါလမထေရ်အား အရဟတ္တဖိုလ်တိုင်အောင်သော တရားတော်ကို ဟောကြားတော်မူ၏။ ထို့နောက် မဟာပါလမထေရ်သည် ခရီးသွားဖော် ရဟန်းခြောက်ကျိပ်နှင့်အတူ ယူဇနာ ၁၂၀ ရှိသော ခရီးကိုထွက်ခွာခဲ့ရာ ပစ္စန္တရစ်ရွာကြီးသို့ ဆိုက်ရောက်ကြ၏။ ရွာသူရွာသားများကလည်း ဆိုက်ရောက်လာသော ရဟန်းတော်များအား ဤရွာတွင် ဝါဆိုကြရန် လျှောက်ထားတောင်းပန်သဖြင့် လက်ခံတော်မူကြ၏။

အရှင်မဟာပါလမထေရ်သည် ဣရိယာပုထ်လေးပါးအနက် အိပ်ခြင်းကို ပယ်ပြီး ဝါဆိုလမှစတင်ပြီး တရားအားထုတ်လာရာ ဝါခေါင်လသို့အရောက်တွင် မျက်စိမှ မျက်ရည်များ မပြတ်စီးထွက်၏။ သီတင်းသုံးဖော်များက ဆေးသမားရှာပေး၏။ အရှင်မဟာပါလသည် ဆေးသမားချက်ပြီးပို့သော ဆီကို

mgyoe.com

ထိုင်လျက်သာလျှင် နှာခေါင်းမှသွန်းလောင်း၏။ ထို့ကြောင့် မျက်စိနာမပျောက်။

တစ်နေ့တွင် ဆေးသမားနှင့် မဟာပါလမထေရ်တို့ တွေ့၏။

"အရှင်ဘုရား ... မျက်စဉ်းကို လှဲပြီး မခတ်ဘူးလား"

အရှင်မြတ်ထံမှ အဖြေမရပေ။ ထို့ကြောင့် ဆေးသမားသည် ကျောင်းသို့ လာခဲ့၏။ အရှင်၏နေရာကို ကြည့်ရာ အိပ် သောနေရာ မတွေ့ပေ။ ထို့ကြောင့် ကျောင်းသို့ အရှင်မြတ်ပြန်လာချိန်တွင် အိပ်ပြီး မျက်စဉ်းခတ်ရန် လျှောက်ထား၏။ အရှင်မြတ် ဝန်မခံသောကြောင့် ဆေးသမားက စကားကုန်သုံး၏။

"အရှင်ဘုရား အခုလိုလုပ်မယ်ဆိုရင်တော့ တပည့်တော်ရဲ့ မျက်စဉ်းကို မခတ်ပါနဲ့ဘုရား။ သူတစ်ပါးက မေးရင်လည်း တပည့်တော်ရဲ့ဆေးကို သုံးစွဲနေတယ်လို့ မပြောပါနဲ့ ဘုရား"

မဟာပါလမထေရ်ကို ဆေးသမား လက်လွှတ်သွားပြီ။ သို့ရာတွင် အရှင်သည် မိမိကိုယ်မိမိ အားပေးလျက် တရားဆက်လက်အားထုတ်ရာ သန်းခေါင်ယံ လွန်ချိန်ဝယ် ကိလေသာများ ပြိုကွဲပျက်စီးခြင်းနှင့် မျက်စိနှစ်လုံး ပြိုကွဲပျက်စီးခြင်းသည် တစ်ပြိုင်နက်တည်း ဖြစ်၏။ ထိုအရှင်ကို ထိုအချိန်မှစတင်ပြီး စက္ခုပါလမထေရ်ဟု ခေါ်ကြကုန်၏။

ရပ်သူ ရွာသားများကလည်း အရှင်မြတ်ထံသို့ ယာဂု စသည်များ ပေးပို့ကြ၏။ အရှင်မြတ်ကလည်း သီတင်းသုံးဖော်များကို ဆုံးမသွန်သင်ရာ ဝါကျွတ်ချိန်ဝယ် အားလုံး ရဟန္တာဖြစ်ကြ၏။ ဝါကျွတ်ပြီးတစ်နေ့တွင် သီတင်းသုံးဖော်များသည် မြတ်စွာဘုရားကို ဖူးမြော်ရန် သာဝတ္ထိသို့ သွားကြပြား အရှင်မဟာပါလ မလိုက်ပေ။ မိမိကို အကြောင်းပြု၍ သူတစ်ပါး၌ အနှောင့်အယှက် မဖြစ်စေလိုပေ။

သာဝတ္ထိပြည်တွင် စက္ခုပါလမထေရ်၏ညီ သူကြွယ်စူဠပါလရှိ၏။ စက္ခုပါလမထေရ်၏ သီတင်းသုံးဖော်များ ကြွသွားသောအခါ သူကြွယ်က အငမ်းမရ မေးသည်။

"အရှင်တို့ ... တပည့်တော်ရဲ့နောင်တော် မပါပါကလား"

"သူကြွယ်... သင်၏နောင်တော်သည် မအိပ်မနေ တရားအားထုတ်

mgyoe.com

mgyoe.com SAMPLE BOOK

သဖြင့် မျက်စိကွယ်ရခဲ့ပြီ"

ရဟန်းတို့၏ စကားကိုကြားလျှင် သူကြွယ်သည် ဆောက်တည်ရာမဲ့ ငိုကြွေးသဖြင့် ရဟန်းများက နှစ်သိမ့်ပြီး အကြံ ပေး၏။

"သူကြွယ် ... သင့်နှောင်တော်ဟာ သင့်ဆီက တစ်ယောက်ယောက် လွှတ်မှာကို မျှော်လင့်နေတယ်လို့ ထင်တယ်"

"အရှင်ဘုရားတို့ တပည့်တော်မှာ စိတ်ချယုံကြည်ရသူဆိုလို့ ပါလိတ ဆိုတဲ့ တူကလေးတစ်ယောက်ပဲ ရှိပါတယ်ဘုရား"

"ဒါယကာ ... သူငယ်လေးကို ဒီအတိုင်းလွှတ်ရင် အန္တရာယ်များတယ်။ ဒါကြောင့် သာမဏေပြုပြီးမှ လွှတ်ပါ"

"အရှင်ဘုရားတို့ သဘောပါပဲ ဘုရား"

သို့ဖြစ်သောကြောင့် ရဟန်းများသည် သူငယ်ကလေးကို သာမဏေပြု ပေးကြ၏။

ထို့နောက် သာမဏေအဖြစ် သွားတတ်၊ လာတတ်၊ ပြောတတ်၊ ဆိုတတ် အသားကျအောင် ဆောင်ရွက်ပေးပြီးမှ စက္ခုပါလမထေရ်ထံသို့ လွှတ်လိုက် လေ၏။

သာမဏေကလေးသည် ပစ္စန္တရစ်ရှိ တောကျောင်းသို့အရောက်တွင် စက္ခုပါလမထေရ်အား အကျိုးအကြောင်း လျှောက်ထားသည်။ မထေရ်သည် သူ၏တောင်ဝှေးစွန်းကို သူငယ်အား အဆွဲခိုင်းပြီး သာဝတ္ထိပြည်သို့ ရှေးရှုလာ ခဲ့ကြရာ ယခင် သီတင်းသုံးခဲ့ဖူးသော ကဋ္ဌနဂရရွာသို့ ရောက်လာ၏။ ထိုအချိန် တွင် တောစပ်မှ သာယာသောတေးသံတစ်ခုလည်း လွင့်ပျံ့နေ၏။

"အရှင်ဘုရား ခဏလေး ဆိုင်းပါဦးဘုရား"

သူငယ်သည် စက္ခုပါလမထေရ်ကို ထားခဲ့ပြီး တေးသံရှင်ထံ သွားခြင်း ဖြစ်၏။

ထိုသူငယ် ပြန်လာသောအခါ မထေရ်က သူ၏တောင်ဝှေးကို အကိုင် မခံပေ။

"မင်းလို ယုတ်မာသူဟာ ငါ့တောင်ဝှေးစွန်းကို ဆွဲဖို့မလိုဘူး"

mgyoe.com

 mgyoe.com SAMPLE BOOK 

"အရှင်ဘုရား ... တပည့်တော်ဟာ လမ်းမှာတွေ့နိုင်တဲ့ အန္တရာယ်ကို ကြောက်လို့ သာမဏေဝတ်လာတာပါ။ အခု လူထွက်လိုက်ပါပြီ"

သာမဏေသည် စက္ခုပါလမထေရ် ကျေနပ်စေရန် လူထွက်သော်ငြား မထေရ်မြတ်က ခွင့်မလွှတ်ပေ။

"ရှင်ပဲဖြစ်ဖြစ်၊ လူပဲဖြစ်ဖြစ် သူယုတ်မာဟာ သူယုတ်မာပဲကွ"

"အရှင်ဘုရား ရှေ့မှာ ဘိလူးသိမ်းပိုက်ထားတဲ့ နေရာတွေရှိတယ် ဘုရား"

"သေချင်သေပစေ မင်းနဲ့ကတော့ မသွားဘူးဟေ့"

စက္ခုပါလမထေရ်ကို သာဝတ္ထိသို့ ဆောင်ယူရန် ရောက်လာသောလူငယ်မှာ မထေရ်မြတ်က အထိမခံ အကိုင်မခံသောအခါ ဝမ်းနည်းစွာ ငိုကြွေးလျက် တောထဲသို့ ဝင်ပြေးလေ၏။ ထိုအခါ အရှင်မြတ်၏ သီလတန်ခိုးကြောင့် သိကြားမင်း၏နေရာသည် ပူပြင်း၏။ သို့ကြောင့် အကြောင်းမည်သို့နည်းဟု ကြည့်ရာ စက္ခုပါလမထေရ်ကို မြင်၏။

သိကြားမင်းသည် သာဝတ္ထိပြည်သို့သွားမည့် လမ်းကြုံခရီးသွားယောင်ဆောင်ကာ မထေရ်ကို သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်သို့ ပို့ပေးသည်။ ထို့နောက် သိကြားမင်းသည် စူဠပါလသူကြွယ်ထံသို့သွားကာ မထေရ်သည် သူကြွယ်၏ သစ်ရွက် မိုးကျောင်း၌ ရောက်နေပြီဖြစ်ကြောင်း သတင်းပေးသည်။ သူကြွယ်လည်း အခိုင်းအစေနှစ်ယောက်ကို မထေရ်၏ အလုပ်အကျွေး အဖြစ် အပ်နှင်းထား၏။

ထိုရာသီသည် ပွင့်လင်းရာသီဖြစ်သဖြင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူး ရဟန်းရှင်လူများ လာကြ၏။ သူတို့သည် မြတ်စွာဘုရားနှင့် မဟာသာဝက ရှစ်ကျိပ်တို့ကို ရှိခိုးပြီးနောက် ဇေတဝန်ကျောင်းတော်အတွင်း၌ လှည့်လည်ကြည့်ရှုကြရာ စက္ခုပါလမထေရ် စင်္ကြံသွားသည့်နေရာသို့ ရောက်ကြ၏။ ယမန်ညက မိုးကြီးရွာသဖြင့် ပိုးဖလံများထွက်စဉ် မထေရ်ကြီး စင်္ကြံသွားသဖြင့် ပိုးဖလံတွေ အတန်းလိုက် သေနေသည်ကို မြင်ကြရ၏။

သာမဏေတို့သည် အခြားနေရာများကို တံမြက်လှည်းငြား ထိုနေရာကို မလှည်းကျင်းမိ။

mgyoe.com

mgyoe.com SAMPLE BOOK

ထိုအခါ ပိုးဖလံ အသေတန်းကြီးကို အာဂန္တုများ မြင်ကြရသည်။

"ကိုရင်တို့ ...ဒီနေရာဟာ ဘယ်သူ့နေရာတုံး"

"စက္ခုပါလမထေရ် စင်္ကြံသွားတဲ့နေရာပါ ဘုရား"

ထိုအခါ အာဂန္တုများသည် စက္ခုပါလမထေရ်ကို ကဲ့ရဲ့ရှုံ့သာမက မြတ်စွာဘုရားရှေ့တော်သို့ အရောက်တွင်လည်း တိုင်ကြားကြသည်။

"အရှင်ဘုရား စက္ခုပါလမထေရ်က စင်္ကြံသွားတယ်ဆိုပြီး ပိုးဖလံတွေ အများကြီးကို သတ်ပါတယ် ဘုရား"

"ပိုးဖလံတွေကို စက္ခုပါလမထေရ်သတ်တာ ရဟန်းတို့ မြင်သလား"

သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားက တိကျသေချာအောင် ပြန်လည်မေးမြန်းတော်မူ၏။

"တပည့်တော်တို့ မမြင်ပါဘူး ဘုရား"

"သင်တို့သည် ပိုးဖလံတွေကို စက္ခုပါလမထေရ်သတ်တာကို မမြင်သကဲ့သို့ စက္ခုပါလမထေရ်သည်လည်း ထိုပိုးဖလံတို့ကို မမြင်။ ချစ်သားရဟန်းတို့ ရဟန္တာမည်သည် သတ္တဝါတို့အား သေစေလိုသော စေတနာမရှိ"

အာဂန္တုရဟန်းများမှာ ပိုမိုပြီး အံ့ဩရ၊ ထိတ်လန့်ရသည်။ စက္ခုပါလမထေရ်သည် ရဟန္တာဖြစ်သည်ဟု မြတ်စွာဘုရား မိန့်တော်မူ၏။ သို့စေကာမူ ထိုရဟန္တာအရှင်မြတ်မှာ မျက်စိအလင်း ကွယ်နေပါတကား။

"အရှင်ဘုရား အရဟတ္တဖိုလ်ရဲ့ ဥပနိဿယရှိပါလျက်နဲ့ ဘာပြုလို့ မျက်စိကွယ်ရပါသလဲ အရှင်မြတ်ဘုရား"

"ချစ်သားတို့ မိမိပြုအပ်သော ကံအစွမ်းဖြင့် မျက်စိကွယ်ရခြင်းဖြစ်သည်"

ရဟန္တာဖြစ်ပါလျက် ရှေးဘဝက ပြုခဲ့ဖူးသော မကောင်းမှုကံ၏ အပြစ်ဘေးမှ မလွတ်ကြောင်း ကြားသိရသော အာဂန္တုရဟန်းများမှာ လွန်စွာ ထိတ်လန့်ခြင်းဖြစ်ကြလျက် မေးလျှောက်မိကြလေ၏။

"ရှင်တော်မြတ်ဘုရား စက္ခုပါလမထေရ် ပြုမှားခဲ့တဲ့ ရှေးမကောင်းမှုကံကို သိပါရစေပါ ဘုရား"

mgyoe.com

 mgyoe.com SAMPLE BOOK 

အာဂန္တုရဟန်းများ တောင်းပန်သောကြောင့် လူနတ်ဖြဟ္မာ သတ္တဝါတို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် စက္ခုပါလမထေရ်၏ တစ်ခုသောဘဝကို ထုတ်ဖော်ဟောကြားတော်မူ၏။

စက္ခုပါလမထေရ်သည် တစ်ခုသောဘဝတွင် ဆေးသမား ဖြစ်ခဲ့ဖူး၏။

သူသည် အခကြေးငွေရရှိရေးအတွက် ကျေးရွာများသို့ တစ်ရွာဝင် တစ်ရွာထွက် လှည့်လည်သွားလာစဉ် မျက်စိအမြင် အားနည်းသော အမျိုးသမီး တစ်ယောက်ကို တွေ့သည်။ ထိုအမျိုးသမီးသည် အပေါ်ယံကောင်းဟန်ရှိပြား စမ်းတဝါးဝါးဖြစ်နေရှာသည်။

"ရှင်မ ... မယ်မင်းမှာ မျက်စိအခြေအနေ တော်တော်ဆိုးဟန်တူရဲ့"

"ဆိုးဆို မမြင်သလောက်ပါပဲ"

"မယ်မင်းကို ငါ ကုသပေးရမလား"

ကာယကံရှင် အမျိုးသမီးက ဝမ်းသာအားရ တုံ့ပြန်၏။

"အမယ်လေး ... ကျေးဇူးကြီးလှပါပေတယ် မောင်မင်းကြီးသားရယ်"

"ပျောက်ရင် ဘာပေးမလဲ"

ကာယကံရှင် အမျိုးသမီးမှာ ပျောက်ချင်ဇောဖြင့် စကားကို မဆင်မခြင် ပြော၏။

"အမယ်လေး ဒီမျက်စိသာ အကောင်းပကတိ ပြန်ဖြစ်လို့ကတော့ သားသမီးနဲ့တကွ ကျွန်ခံပါ့မယ်တော်"

ဆေးသမားအတွက် အားတက်ဖွယ်စကား ဖြစ်၏။ သူသည် ဆေးမည်များကို အားတက်သရော စုဆောင်းဖော်စပ်သည်။ ထို့နောက် မျက်စိဝေဒနာရှင် အမျိုးသမီးထံသို့ သွားရောက်ကာ ဆေးကိုပေး၏။

"ရေသန့်သန့်နဲ့ မျက်နှာသစ်ပြီး မျက်နှာကို အဝတ်သန့်သန့်နဲ့ ခြောက်အောင်သုတ်၊ ခဏနေရင် ဒီဆေးကို ခတ်ပေတော့"

ဆေးသမားသည် နမူနာဆေးပေးပြီး ထားပစ်ခဲ့၏။

လူနာမှာ ဆေးသမားပေးသည့်အတိုင်း လိုက်လံဆောင်ရွက်ရာ အံ့သြ ထိတ်လန့်ခြင်း ဖြစ်ရလေ၏။ သူက ...

mgyoe.com

SAMPLE BOOK

"ဒီမျက်စိ အကောင်းပကတိ ပြန်ဖြစ်လို့ကတော့ သားသမီးတွေနဲ့တကွ ကျွန်ခံပါ့မယ်" ပြောခဲ့မိ၏။ ယခု သူ့ဆေးကို သုံးသဖြင့် မျက်စိမှာ အကောင်း ပကတိ ဖြစ်နေပြီ။ မည်သို့လုပ်ရပါမည်နည်း။

မျက်စိအဆုံး နားအရှုံးဟု ဆိုကြငြား မျက်စိကောင်းအောင် လုပ်ပေး သော ထိုဆေးဆရာထံတွင် ကျွန်မခံလိုပေ။

"အို ... လိမ်ပြောရမှာပေါ့ သူသိတာမှတ်လို့"

သို့သော် ဆေးဆရာက ထိုအမျိုးသမီးထက် အတွေ့အကြုံများသည်၊ ပါးနပ်သည်။

ထိုမိန်းမ ခြေလှမ်းပုံကအစ အမြင်ကောင်းသူ၏ ခြေလှမ်းလော၊ အမြင် မကောင်းသူ၏ ခြေလှမ်းလောဟု သိသည်။ သို့ဖြစ်၍ –

"အရှင်မ မျက်စိဘယ့်နှယ်နေသတုံး" ဆေးဆရာအမေးတွင်–

"အရင်တုန်းက နာတယ်ဆိုရုံကလေးနာတာ ဆရာရဲ့။ အခု မခံမရပ် နိုင်အောင် ဖြစ်နေပြီ" ဟုဖြေ၏။

နာကျင်သော မျက်နှာ၊ မနာကျင်သော မျက်နှာကိုလည်း ဆေးသမား သိသည်။ သို့ဖြင့် သူ့ကို လိမ်လည်လှည့်ဖြားကြောင်း ဆေးဆရာ သဘော ပေါက်သည်။ ထို့ကြောင့် အချိုသတ်ကာ ပြန်လာပြီး ကန်းဆေးဖော်လာ၏။

"ရှင်မ ဒီဆေးကတော့ မျက်ကြည်ဆေးပါ။ ဘယ်လောက်ပဲ နာနာကျင် ကျင် သူ့ကိုခတ်ရင် လင်းသွား၊ အေးသွားလိမ့်မှာပါ"

ဆေးဖိုးဝါးခ မပေးရသည့်အပြင် ယခုနောက်ထပ်ပြီး အခမဲ့ရပြန်သော အခါ မျက်စိနာအမျိုးသမီး ဝမ်းသာအားရခတ်၏။ မျက်စိနှစ်လုံးသည် ဆီမီးလျှံ ကဲ့သို့ တောက်ပလောင်ကျွမ်း၏။

"ချစ်သားတို့ ... ထိုစဉ်အခါက ငါ့သား စကွပါလသည် ပြုအပ်သော မကောင်းမှုကံကား နောက်မှ အစဉ်လိုက်၏။ ဤမကောင်းမှုမည်သည်ကား လှည်းဦးဝန်ကိုဆောင်ရွက်သော နွားလား၏ခြေရာသို့ လှည်းဘီးသည် အစဉ် လိုက်သကဲ့သို့ လိုက်တတ်၏" ဟု မိန့်တော်မူအပြီး၌ ဤဂါထာကို ဟော တော်မူသည်။

mgyoe.com

"မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနောသေဋ္ဌာ မနောမယာ။
မနသာစေ ပဒုဋ္ဌေန၊ ဘာသတိဝါ ကရောတိဝါ။
တတော နံ ဒုက္ခ မန္ဒေတိ၊ စက္ကံဝ ဝဟတော ပဒံ"

ဓမ္မဝ – နာမက္ခန္ဓာတရားသုံးပါးတို့သည်၊ မနောပုဗ္ဗင်္ဂမာ – ဝိညာဏက္ခန္ဓာသာလျှင်၊ ပြဋ္ဌာန်းခြင်းရှိကုန်၏။ ဝါ ဝိညာဏက္ခန္ဓာ သာလျှင် ရှေ့သွားရှိကုန်၏။ မနောသေဋ္ဌာ – ဝိညာဏက္ခန္ဓသာလျှင် အကြီးအမှူးရှိကုန်၏။ မနောမယာ ဝိညာဏက္ခန္ဓာဖြင့် ပြီးကုန်၏။ ယော ပုဂ္ဂလော – အကြင်ပုဂ္ဂိုလ်သည်၊ ပဒုဋ္ဌေန – ပြစ်မှားလိုသော၊ မနသာ – စိတ်ဖြင့်၊ စေဘာသတိ ဝါ –အကယ်၍ ဆိုမူလည်း ဆိုငြားအံ့။ စေကရောတိ ဝါ – အကယ်၍ ပြုမူလည်း ပြုငြားအံ့။ တတော – ထိုသို့ ပြစ်မှားလိုသောစိတ်ဖြင့် ဆိုခြင်းပြုခြင်းကြောင့်၊ နံ ပုဂ္ဂလံ – ထိုပုဂ္ဂိုလ်သို့၊ ဒုက္ခံ – ဆင်းရဲသည်၊ အန္ဒေတိ – အစဉ်လိုက်တတ်၏။

ကိမိဝ – အဘယ်ကဲ့သို့နည်းဟူမူကား၊ စက္ကံ – လှည်းဘီးသည်၊ ဝဟတော – ဝန်ကိုဆောင်သော နွားလား၏၊ ပဒံ – ခြေရာသို့၊ အန္ဒေတိက္ကံဝ – အစဉ်လိုက်သကဲ့သို့တည်း။

ဂါထာ၏အဆုံးမှာ ရဟန်းတော်သုံးသောင်းတို့ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်တော်မူကြကုန်၏။

ကျမ်းကိုး ။ ။ ဓမ္မပဒ – ယမကဝဂ် စက္ခုပါလမထေရ်ဝတ္ထု

❑

mgyoe.com

mgyoe.com SAMPLE BOOK

# ငယ်ပြီးကျန်ခဲ့သော အဖေ

သာဝတ္ထိပြည်၌ အလှူဒါနပေးလှူခြင်း၌ အလိုရှိသောသူသည် အနာထပိဏ်သူဌေး၊ သို့မဟုတ် ဝိသာခါဒါယိကာမကြီးတို့နှင့် သိကျွမ်းမှ အဆင်ပြေ၏။ သူတို့အိမ်များတွင် တစ်နေ့လျှင် ရဟန်းတော် ၂၀၀၀ ကြွရောက်ပြီး ဆွမ်းဘုဉ်းပေးတော်မူကြ၏။

သို့ဖြစ်သောကြောင့် ထိုဒါယကာကြီးနှင့် ဒါယိကာမကြီးတို့သည် ရဟန်းတော်များ၏ အလိုကို လွန်စွာသိကြပေ၏။ သို့ရာတွင် ဝိသာခါဒါယိကာမကြီးသည် အသက်အရွယ် အိုမင်းရင့်ရော်လာသောအခါ သူ့ကိုယ်စား ရဟန်းတော်များကို ပြုစုလုပ်ကျွေးရန် သားကြီး၏ သမီးဖြစ်သော မြေးမကို ရထားရ၏။

အနာထပိဏ်သူဌေးမှာလည်း အမှုလုပ်များ၊ ကျေးကျွန်များကို စိတ်မချသဖြင့် သမီးကြီး မဟာသုဘဒ္ဒါကို မိမိကိုယ်စား ထားသည်။ ထိုမဟာသုဘဒ္ဒါမှာ ရဟန်းတော်များထံမှ တရားနာရသဖြင့် သောတာပန်ဖြစ်နေပြီ။ သို့ရာတွင် အိမ်ထောင်ကျသောအခါ လင့်အိမ်သို့ ပါသွားတော့သည်။

မဟာသုဘဒ္ဒါ မရှိတော့သောအခါ အနာထပိဏ်သူဌေးကြီးသည် သမီး

mgyoe.com

 mgyoe.com SAMPLE BOOK 

လတ် စူဠသုဘဒ္ဒါကို ရဟန်းတော်များ ဆွမ်းလုပ်ကျွေးရန် တာဝန်ပေးပြန်သည်။ ထိုသမီးမှာလည်း သံဃာတော်များထံမှ တရားနာရသဖြင့် သောတာပန်တည်သည်။

သို့သော် သူလည်း အိမ်ထောင်ကျကာ သျှောင်နောက်ဆံထုံးပါသွားရပြန်လေ၏။

အနာထပိဏ်သူဌေးကြီးသည် လင့်အိမ်သို့ သမီးလတ်ပါသွားသောအခါ သံဃာတော်များကို မိမိကိုယ်စား ဆွမ်းလုပ် ကျွေးရန် သမီးငယ် သုမနဒေဝီကို တာဝန်ပေးပြန်၏။ ထိုသမီးကား သကဒါဂါမ် တည်ပြီးသူဖြစ်၏။

တစ်ရံရောအခါ ထိုသုမနဒေဝီတွင် ရောဂါပြင်းထန်စွာ ဖြစ်ပွားသဖြင့် သမားအကျော်အမော်တို့နှင့် ကုသည့်ကြားမှ သုမနဒေဝီသည် အစားကိုပစ်ပယ်လေပြီ။

အစာပစ်ပယ်ပြီး နောက်တစ်နေ့တွင် သုမနဒေဝီသည် ဖခင်သူဌေးကြီးကို တွေ့လိုသဖြင့် အခေါ်ခိုင်းသည်။

အိမ်၌ အနာထပိဏ်သူဌေးကြီး မရှိချေ။ အလှူတော်မဏ္ဍပ်ကို ရောက်နေသည်။

သမီးထံမှ အခေါ်လာလျှင်လာချင်း အိမ်သို့ အမြန်ပြန်ခဲ့ပြီး သမီးငယ်ရှိသော အခန်းသို့ တန်းဝင်သည်။

"သမီး သုမန ဘယ်လိုနေသတုံး"

"မောင်ကလေး အနာထပိဏ် ရောက်လာပြီလား"

အဖေခေါ်နေကျသမီးက 'မောင်ကလေး' ဟု ခေါ်သောအခါ မကျန်းမာသောကြောင့် ခေါ်သည် ထင်မိ၏။

"သမီးသုမန ကယောင်ကတမ်း ပြောနေပါကလား"

"မောင်လေး ... အစ်မကြီး ကယောင်ကတမ်းမပြောပါဘူးကွယ်"

ထိုအခါ သူဌေးကြီးသည် အနားသို့ တိုးကပ်လာပြီး သမီးဖြစ်သူ၏ နဖူးပြင်ကို စမ်းသပ်ကြည့်သည်။

"ချစ်သမီး ကြောက်နေသလား"

mgyoe.com

mgyoe.com SAMPLE BOOK


"မောင်ကလေး ... အစ်မကြီး မကြောက်ပါဘူးကွယ်"

ထိုသို့ပြောအပြီး၌ သမီးငယ် သုမနဒေဝီ ကွယ်လွန်ရှာ၏။ အနာထပိဏ် သူဌေးကြီးမှာ သောတာပန်ပုဂ္ဂိုလ်ဖြစ်ငြား ပူဆွေးခြင်းကို မတွန်းလှန်နိုင်ပေ။

သို့ရာတွင် ဘုရားဖူးလည်းမသွားဘဲ မနေနိုင်သဖြင့် မြတ်စွာဘုရား၏ ရှေ့တော်သို့ မကြည်သာသောမျက်နှာဖြင့် ရောက်သွားသည်တွင် မြတ်စွာဘုရား က မေးတော်မူ၏။

"သူဌေးကြီး ဘယ်အကြောင်းကြောင့် ငိုကြွေးရသနည်း"

"မြတ်စွာဘုရား တပည့်တော်ရဲ့ သမီးငယ်ဖြစ်တဲ့ သုမနဒေဝီဟာ မနေ့ ကပဲ ကွယ်လွန်သွားခဲ့ပါတယ် ဘုရား"

"အလုံးစုံသောသူတို့အား သေခြင်းသဘောသည် မလွဲဧကန် ဖြစ်ပါ လျက် အဘယ်ကြောင့် ငိုကြွေးနေသေးသနည်း"

သို့ဖြစ်သဖြင့် သူဌေးကြီးမှာ ကွယ်လွန်ပြီးသော သမီးငယ်အတွက် ယူကျုံးမရဖြစ်ပြီး လျှောက်ထား၏။

"ရှင်တော်မြတ်ဘုရားကြီး ... အလုံးစုံသောသူတို့အား သေခြင်းသဘော ဧကန်ဖြစ်သည်ကို တပည့်တော် သိပါတယ် ဘုရား။ အဲဒီလို သဘောရှိတဲ့ တပည့်တော်ရဲ့ သမီးလေးဟာ အရှက်အကြောက်နဲ့ ပြည့်စုံပါလျက် သေခါနီးမှာ သတိကို ထိန်းမထားနိုင်ဘူး ဘုရား"

သူဌေးကြီးသည် ပြောပြောဆိုဆို ငိုကြွေးသည်။ ငိုကြွေးရှိုက်ငင်ပြီးမှ တစ်ဖန် ဆက်၍လျှောက်ထား၏။

"တပည့်တော်ရဲ့ သမီးကလေးဟာ သေခါနီးမှာ သတိမထားနိုင်တော့ဘဲ ယောင်ယမ်းမြည်တမ်းပြီး ကွယ်လွန်သွားရပါတယ်ဘုရား။ ဒါကြောင့် တပည့် တော် ယူကျုံးမရ ဖြစ်ရတာပါ ဘုရား"

ထိုအခါ မြတ်စွာဘုရားက မိန့်တော်မူသည်။

"သူဌေးကြီး ... သင်၏သမီးသည် အဘယ်သို့သောစကားကို ဆိုသွား သနည်း"

"မြတ်စွာဘုရား ... တပည့်တော်က 'သမီး ဘယ့်နှယ်နေသတုံး' မေးလိုက်

mgyoe.com

mgyoe.com
SAMPLE BOOK


တဲ့အခါမှာ အဖေ မခေါ်ဘူးဘုရား။ မောင်လေးတဲ့ ဘုရား"

သူဌေးကြီးသည် နောက်ကြောင်းပြန်ရာက ရှိုက်နေပြန်သည်။ မြတ်စွာဘုရားကား ငြိမ်သက်စွာ သည်းခံတော်မူ၏။ သို့ရာတွင် ကျောင်းဒါယကာ အနာထပိဏ်သူဌေးကြီးက သူ၏စကားကို ဆက်ပြန်သည်။

"ဒါနဲ့ပဲ တပည့်တော်က 'ချစ်သမီး ကယောင်ကတမ်း ပြောနေသလား' လို့ မေးပါတယ်။ 'ငါ့မောင်ကလေး အစ်မကြီး မယောင်ယမ်းဘူး'တဲ့ ဘုရား။ ပြန်ပြောပါတယ်"

သူဌေးကြီးသည် ဝမ်းပန်းတနည်း ရှိုက်နေပြီးမှ ပြတ်သွားသော သူ၏ စကားကို ဆက်ပြန်သည်။

"ချစ်သမီး ကြောက်နေသလားလို့ တပည့်တော်က မေးတဲ့အခါမှာ ငါ့မောင်ကလေး၊ အစ်မကြီး မကြောက်ဘူး ပြောပြီး ကွယ်လွန်သွားပါတယ်ဘုရား။ ဒါ ကယောင်ကတမ်း ပြောတာပေါ့ဘုရား"

သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားသည် အနာထပိဏ်သူဌေးကြီး ကြွေဆည်နိုင်အောင် စောင့်ဆိုင်းနေပြီးမှ မိန့်တော်မူ၏။

"သင့်သမီးဟာ ကယောင်ကတမ်း မြည်တမ်းတာ မဟုတ်ဘူး"

မြတ်စွာဘုရားမည်သည် မဟုတ်သောစကား၊ အကျိုးမရှိသောစကားကို မပြောဟု နားလည်သော်ငြား မမေးဘဲ မနေနိုင်ချေ။

"အရှင်ဘုရား ... တပည့်တော်ရဲ့သမီးကလေး သုမနဒေဝီဟာ ကယောင်ကတမ်း ငန်းဖမ်းပြီး ပြောတာမဟုတ်ရင် ဘာပြုလို့ အဖေခေါ်နေကျ တပည့်တော်ကို 'ငါ့မောင်ကလေး' လို့ ဘာကြောင့်ခေါ်ရတာလဲ ဘုရား"

"သူဌေးကြီး သင်၏ငယ်ခြင်းကြောင့်သာလျှင် ဤသို့ ငါ့မောင်ကလေး ဟု ခေါ်ဝေါ်ပြောဆိုပေ၏"

သူဌေးကြီးသည် မိမိ၏ သောတာပန်အဖြစ်၊ သမီးငယ် သကဒါဂါမ် အဖြစ်တို့ကို မသိချေ။ သို့ကြောင့်သာလျှင် ဤကဲ့သို့ မေးမြန်းလျှောက်ထား နေရခြင်း ဖြစ်၏။ မြတ်စွာဘုရားက ဆက်လက်မြွက်ဟတော်မူ၏။

"သူဌေးကြီး ... သင်၏သမီးသည် မဂ်ဖိုလ်အရာတွင် သင်သူဌေးကြီး

mgyoe.com

mgyoe.com SAMPLE BOOK


ထက် ကြီးမြင့်ပေသည်။ သင်သည်ကား သောတာပန်သာတည်း။ သင်၏ သမီးသည်ကား သကဒါဂါမ်ပုဂ္ဂိုလ်သာတည်း။ ထိုသင်၏သမီးသည် မဂ်ဖိုလ်တို့ဖြင့် သင့်ထက်ကြီးသည်။ ဤအဖြစ်ကြောင့် သင့်ကို ငါ့မောင်ကလေးဟု ခေါ်ခြင်းဖြစ်ပေသည်"

ရတနာသုံးပါးကို လွန်စွာကြည်ညိုသော သူဌေးကြီးမှာ ထိုအခါကျမှ များစွာ သက်သာရာရသွား၏။

"သြော် ... ဒီလိုကိုး"

"မှန်ပေသည် သူဌေးကြီး"

သမီးဖြစ်သူ၏ မိမိထက် ကြီးမြတ်ခြင်းကို သိရသောခဏ၌ အနာထပိဏ်သူဌေးကြီး ဖြေသိမ့်နိုင်ပြီ။

"အရှင်ဘုရား တပည့်တော်ရဲ့သမီးဟာ အခု ဘယ်ဘုံမှာ ဖြစ်ပါသလဲ ဘုရား"

"တုသိတာ နတ်ဘုံမှာဖြစ်လေပြီ"

"မြတ်စွာဘုရား ...တပည့်တော်ရဲ့သမီးဟာ ဒီလူ့ပြည်လူ့ရွာက ဆွေမျိုးသားချင်းတွေရဲ့အလယ်မှာ ပျော်ပျော်ရွှင်ရွှင် နေထိုင်အပြီးမှာ ဘဝပြောင်းသွားပေမဲ့ ကျေနပ်စရာကောင်းတဲ့ဘုံကို ရောက်သွားပါတယ် ဘုရား"

"သူဌေးကြီး ရဟန်းဖြစ်စေ၊ လူဖြစ်စေ မမေ့မလျော့သောသူတို့သည် ဤဘဝ၌လည်းကောင်း၊ တမလွန်ဘဝ၌လည်း ကောင်း နှစ်သက်ဝမ်းမြောက် ပျော်ရွှင်ကြရသည်သာတည်း"

မြတ်စွာဘုရားသည် ဤကဲ့သို့ မိန့်တော်မူအပြီးတွင် ကုသိုလ်ကောင်းမှု၏ သဘာဝကို ဖော်ပြသော အောက်ပါဂါထာကို ဟောတော်မူ၏။

ဣဓ နန္ဒတိ ပစ္စ နန္ဒတိ၊
ကတပုညော ဥဘယတ္ထ နန္ဒတိ။
ပုညံ မေ ကတန္တိ နန္ဒတိ၊
ဘိယျော နန္ဒတိ သုဂတိံ ဂတော။

**ကတပုညော** – ပြုအပ်ပြီးသော ကောင်းမှုရှိသောသူသည်

mgyoe.com

mgyoe.com
SAMPLE BOOK


**ဣမ** – ဤပစ္စုပ္ပန်လောက၌လည်း

**နန္ဒတိ** – နှစ်သက်ဝမ်းမြောက်ရ၏။

**ပစ္စ** – တမလွန်လောက၌လည်း

**နန္ဒတိ** – နှစ်သက်ဝမ်းမြောက်ရ၏။

**ဥဘယတ္ထ** – ပစ္စုပ္ပန်တမလွန် နှစ်တန်သောလောက၌

**နန္ဒတိ** – နှစ်သက်ဝမ်းမြောက်ရ၏။

**မေ** – ငါသည်

**ပုညံ** – ကောင်းမှုကို

**ကတန္တိ** – ပြုအပ်ပြီဟူ၍

**နန္ဒတိ** – နှစ်သက်ဝမ်းမြောက်ရ၏။

**သုဂတိံ** – သုဂတိဘဝသို့

**ဂတော** – ရောက်သည်ဖြစ်၍

**ဘိယျော** – လွန်စွာ

**နန္ဒတိ** – နှစ်သက်ဝမ်းမြောက်ရ၏။

မြတ်စွာဘုရား ဟောကြားတော်မူသော ဂါထာတော်၏ အဆုံးတွင် တရားနာပရိသတ်များထဲမှ အချို့သည် သောတာပန် စသည်များ ဖြစ်သွားကြလေ၏။

(ယမကဝဂ် သုမနဒေဝီ သူဌေးသမီး ဝတ္ထုမှ)

❑

mgyoe.com

mgyoe.com SAMPLE BOOK

# အသက်ပေး၍

ရှေးလွန်လေပြီးသောအခါက စိန္တအမည်ရှိသော ပြည်ကြီးတွင် စိန္တမင်းကြီး မင်းပြုတော်မူ၏။ အချိန်ကာလမှာ ကောဏာဂုံမြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူပြီးစ ဖြစ်ပေ၏။ သို့ရာတွင် ထိုမင်းသည် ယောင်ဝါးဝါးနှင့် မပြတ်မသားရှိ၏။ ထိုမင်း၏ ပုဏ္ဏားအမတ်တစ်ယောက်မှာကား ပြတ်ပြတ်သားသား မိစ္ဆာဒိဋ္ဌိအယူရှိသူ ဖြစ်ပေ၏။

ထိုစိန္တမြို့တွင် သုဇာတာအမည်ဖြင့် ပုဏ္ဏားတစ်ယောက်ရှိသည်။ ထိုပုဏ္ဏား၏ဇနီးမှာ သုဇာတာဖြစ်သည်။ ထိုပုဏ္ဏားနှင့် ဇနီး သုဇာတာတို့မှ ဖွားမြင်သောသားကို တုလကပဏ္ဍိတဟု ခေါ်တွင်ကြသည်။ ထိုအမည်၏သဘောမှာ နူးနူးညံ့ညံ့ချိုချိုချိန် သုခမိန်ဟု အဓိပ္ပာယ်သက်ရောက်ပေသည်။

တစ်ရံရောအခါ ရဟန်းတော် ၃၃ ပါးသည် စိန္တမြို့အတွင်းသို့ တင့်တယ်သပ္ပာယ်စွာ ကြွမြန်းလာကြသည်။ အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်သော မိစ္ဆာဒိဋ္ဌိပုဏ္ဏားသည် ထိုရဟန်းတော်များစွာကို ဖူးမြင်ရသည်တွင် မကောင်းသောစိတ်ထားတွေ တဖွားဖွား ပေါ်ပေါက်လာတော့သည်။

"သည်ရဟန်းတွေကို ငါတို့ဘုရင်ကြီး ဖူးမြင်ရရင် ကြည်ညိုပြီး ကိုးကွယ်

mgyoe.com

 mgyoe.com SAMPLE BOOK 

တော့မယ်။ အဲသည်အခါမှာ ငါတို့တစ်တွေရဲ့ လာဘ်သပ်ပကာတွေ ဆုတ်ယုတ်ပျက်ပြားကုန်လိမ့်မယ်။ ဒါကြောင့် သည်ရဟန်းတွေကို ငါတို့ဘုရင်ကြီး မကြည်ညိုအောင် လုပ်မှပဲ”

မိစ္ဆာဒိဋ္ဌိပုဏ္ဏားသည် စိန္တဘုရင်မင်းမြတ်၏ ရှေ့တော်သို့ ဝင်ရောက်ခစားပြီး ဤသို့လျှောက်ထား၏။

“မှန်လှပါ။ ရွှေဘုန်းတော်ကြီးလှသည့် ထီးတစ်ရာ့ကန်တော့ခံ အရှင်မင်းကြီးဘုရား”

“ဟဲ့ ပုဏ္ဏား ပလ္လင်ဖွေ တင်စေဟဲ့”

သို့ရာတွင် မိစ္ဆာဒိဋ္ဌိပုဏ္ဏားသည် ဘုရင်မင်းမြတ်၏ အမေးကို နှုတ်ဖြင့်မဖြေဘဲ လေသာပြတင်းသို့ ခေါ်ခဲ့၏။ ငြိမ်သက်စွာသွားလာနေသော ရဟန်းတော်များကို ညွှန်ပြသည်။

“ရထားစီးမင်းတကာတို့ထက် ပိုပြီးကြီးမြတ်တဲ့ မင်းကြီး၊ တိုင်းပြည်ကိုလုယက်ဖျက်ဆီးဖို့ လှည့်လည်သွားလာနေတဲ့ ခိုးသူတွေကို သင်မင်းကြီး မြင်ပါ၏လော”

စိန္တမင်းကြီးမှာ ရဟန်းတော်များကိုသာ မြင်ရ၏။

“ဟဲ့ ... ပုဏ္ဏားရဲ့၊ နင်ပြတာတွေဟာ ရဟန်းတော်တွေပဲ။ လုယက်ဖျက်ဆီးမယ့် ခိုးသူတွေ မဟုတ်ပါဘူးဟဲ့။ ကောင်းသောအကျင့်ရှိတဲ့ ရဟန်းတော်တွေ အကြောင်းကိစ္စရှိလို့ လာကြသွားကြတာ မဟုတ်လား”

“မင်းကြီး အဲသလိုမဆိုပါနဲ့။ သူတို့ဟာ ရဟန်းယောင်ဆောင်ထားတဲ့ ခိုးသူတွေ ဖြစ်ပါတယ်။ သင်မင်းကြီး အုပ်ချုပ်တဲ့ ဟောသည် စိန္တတစ်မြို့လုံးကို လုယက်ဖျက်ဆီးဖို့ လှည့်လည်လှေ့လာနေကြတာပါ”

“အဲဒီလိုဆိုရင် ငါတို့ ဘာလုပ်သင့်သလဲ”

“အရှင်မင်းကြီး ... သည်နေရာမှာ ကြာရှည်မဆိုင်းဘဲ ခိုးသူသုံးကျိပ်သုံးယောက်ကို လက်ပြန်ကြိုးတုပ်၊ သင်္ချိုင်းကို ခေါ်သွားပြီး တံကျင်လျှိုဖို့ ကောင်းပါတယ် ဘုရား”

“အေး ... အဲသလိုဆိုလည်း မောင်မင်းပြောသလို လုပ်မယ်”

mgyoe.com

mgyoe.com SAMPLE BOOK

ထိုသို့မိန့်တော်မူပြီးလျှင် ဘုရင်မင်းမြတ်သည် လူသတ်သမားများကို ရှေ့တော်ဆင့်ခေါ်တော်မူ၏။

“ဟဲ့ ... အာဏာပါးကွက်သားများ”

“ခစားလျက်ရှိကြကြောင်းပါ ဘုရား”

“ဟောဟိုမှာ မြင်ရတဲ့ ရဟန်းသုံးကျိပ်နဲ့ သုံးပါးကို ဖမ်းပြီး ကြိုးနဲ့တုပ်၊ ရိုက်ပုတ်၊ ကားစင်တင် သတ်စေ”

လူသတ်သမားများသည် ၃၃ ပါးသော ထိုရဟန်းတို့၏ အကြီးအကဲဖြစ်သော နာဂဒီပမထေရ်နှင့်တကွ ရဟန်းအားလုံးကို ဖမ်းဆီးတုပ်နှောင်ကြ၏။ ပြင်းထန်စွာ ရိုက်နှက်လျက် သုသာန်သို့ ခေါ်ဆောင်သွားကြ၏။ တချို့သော အာဏာသားများက ရဟန်းတော်များ၏ သင်္ကန်းကို ဆွဲဆုတ်ကြ၏။ တချို့ကမူ ရဟန်းတော်များ၏ မျက်နှာကို လက်သီးဖြင့် ထိုးကြကုန်၏။

ထိုအခါ နာဂဒီပမထေရ်က သာမဏေအစ ရဟန်းအဆုံးရှိသည့် ၃၃ ပါးသော အရှင်တို့ကို တရားပြ ဖျောင်းဖျသည်။

“ငါ့ရှင်တို့ မစိုးရိမ်ကြကုန်လင့်။ မငိုကြွေးကြကုန်လင့်။ ဤဆင်းရဲဒုက္ခသည် သူတစ်ပါး၏ အပြစ်မဟုတ်။ ငါတို့၏ ရှေးဘဝအကုသိုလ်ကံ၏ အကြောင်းသာ ဖြစ်ချေ၏”

နာဂဒီပမထေရ်သည် ထပ်မံ၍ ဆုံးမတော်မူပြန်သည်။

“သတ္တဝါတို့သည် သေခြင်းသို့သာ ရှေးရှုနေကြသည်မှာ လောကဓမ္မတာဖြစ်ပေ၏။ ဖြစ်လာသမျှ သင်္ခါရတရားတို့သည် မမြဲကြဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပေ၏”

မထေရ်ကြီးက ဆက်လက်ပြီး ဆုံးမတော်မူပြန်၏။

“ငါ့ရှင်တို့၊ အလုံးစုံသော ဘဝတို့၌ သူတစ်ပါးက သတ်ပုတ်ညှဉ်းဆဲ၍ သေရခြင်းဟူသော ဥပစ္ဆေဒကကံတို့သည် သတ္တဝါတို့အား ညှဉ်းဆဲနေကြ၏။ သို့ဖြစ်၍ ငါတို့သည် ကံသာလျှင် အဆွေခင်ပွန်း၊ ကံသာလျှင် အားထားရာရှိကြကုန်လျက် နေကြရကုန်၏”

မထေရ်ကြီး၏စကားကို ကြားရသောကြောင့် ရဟန်းသာမဏေအားလုံး

mgyoe.com

mgyoe.com SAMPLE BOOK

တို့သည် စိတ်သက်သာရာ ရကြကုန်၏။ သူတို့သည် လူသတ်သမားတို့၏ ရိုက်ပုတ်ညှဉ်းဆဲမှုကို မတုန်လှုပ် သည်းခံကြ၏။ ထိုခဏ၌ စိန္တတစ်မြို့လုံးသည် ရဟန်းတော် ၃၃ ပါးကို သုသာန်သို့ ခေါ်ဆောင်သွားသည့်သတင်းကြောင့် တုန်လှုပ်ချောက်ချား၏။

လူအများသည် အော်ဟစ်ပြေးလွှားကြသည်။ ဈေးဆိုင်များသည် ဆိုင်ပိတ်ပြီး အော်ဟစ်လာကြ၏။ တုလကပဏ္ဍိတမည်သော သူတော်ကောင်းကလေးကား သုသာန်သို့ ချက်ချင်းပြေးလာပြီး နာဂဒီပမထေရ်ကို မေးမြန်း၏။

"အရှင်ဘုရား အရှင်ဘုရားနဲ့ သည်ရဟန်းတော်တွေကို ဘယ်အပြစ်ရှိလို့ ဖမ်းဆီးခေါ်ဆောင်လာပြီး လူသတ်သမားတွေက ရိုက်ပုတ်ညှဉ်းဆဲနေကြသလဲ ဘုရား။ တပည့်တော်ကို မိန့်ကြားကြပါ ဘုရား"

"ဒါယကာ သည်ဘဝမှာတော့ ငါတို့ဟာ တစ်စုံတစ်ရာသော မကောင်းမှုကို မကျူးလွန်ကြပါ။ သို့ရာတွင် အတိတ်ဘဝက တစ်စုံတစ်ရာ မှားယွင်းကျူးလွန်မှု ရှိခဲ့လျှင်ကား မသိနိုင်ပါ"

နာဂဒီပမထေရ်ကြီးသည် ရဟန်းတော်များ၌ အပြစ်မရှိကြောင်းကို ထပ်လောင်း၍ မိန့်ကြားတော်မူပြန်၏။

"ဒါယကာ ငါနှင့်အတူနေကြကုန်သော ရဟန်းသာမဏေတို့သည် အပြစ်မရှိကြပါ။ ကောင်းသောသီလဖြင့်ပြည့်စုံစွာ မြတ်စွာဘုရား၏ သာသနာတော်၌ နေကြပါသည်။ သို့ဖြစ်၍ အပြစ်တစ်စုံတစ်ရာ မရှိကြောင်း သိပါလော့ အို ... လုလင်"

တုလကပဏ္ဍိတသည် မထေရ်ကြီး၏စကားကို ကြားရသည့်အတွက်–

"အရှင်ဘုရားတို့ ဘာမျှစိုးရိမ်တော်မမူပါနှင့်။ အရှင်ဘုရားတို့ရဲ့အသက်ကို တပည့်တော်ရဲ့ အသက်နဲ့လဲပြီး ကယ်ဆယ်ပါမယ်ဘုရား"

ဟု လျှောက်ထား၏။ ထို့နောက် သူတော်ကောင်း ပညာရှိကလေးသည် လူသတ်သမားတို့ထံ ချဉ်းကပ်သည်။ မိမိတွင်ပါသော ဝတ်ကောင်း၊ နားတောင်းများကို သူသတ်အကြီးအမှူးသို့ ပေးသည်။

"အရှင်တို့ ခေတ္တခဏမျှ ဆိုင်းငံ့ကြပါကုန်။ ကျွန်တော် အခုပဲ ပြန်ခဲ့ပါ့

mgyoe.com

SAMPLE BOOK

မယ်"

သူတော်ကောင်းကလေးသည် အသိဉာဏ်နည်းပါးစွာ အဝိဇ္ဇာတရား ဖုံးလွှမ်းနေသော ပြည့်ရှင်မင်းထံ ပြေးခဲ့ပြီး မေးလျှောက်၏။

"အရှင်မင်းကြီး ...ကျွန်တော်မျိုးကိုပဲဖြစ်ဖြစ်၊ ရဟန်းတော် ၃၃ ပါး ကိုပဲဖြစ်ဖြစ် သနားသောအားဖြင့် အသက်ချမ်းသာ ပေးတော်မူပါ။ အဲသည်လို လွှတ်ပေးတဲ့အတွက် ဥစ္စာရွှေငွေ ပေးပါမယ် ဘုရား"

ဤကဲ့သို့သော ဘုရင်မျိုးသည် ရွှေငွေပစ္စည်းဥစ္စာကို စုံမက်တတ်သည်ဟု သိသည့်အတွက် ထိုသို့ လျှောက်ထားခြင်း ဖြစ်၏။

"အို ... တုလက၊ မောင်မင်းဟာ ရဟန်း ၃၃ ပါးရဲ့ ကိုယ်အလေးချိန်နဲ့ ညီမျှတဲ့ ရွှေတွေပေးနိုင်သလား"

ဘုရင့်မေးခွန်းတွင် လမ်းစပေါ်လာသဖြင့် တုလကပဏ္ဍိတက ဝမ်းသာ အားရ တုံ့ပြန်၍ လျှောက်ထား၏။

"အရှင်မင်းကြီး အလိုရှိရာကို ပြတ်ပြတ်သားသား မိန့်တော်မူပါ"

"ခုကိုယ်တော်ရဲ့အမေးမှာ ရှင်းလင်းနေပြီ တုလက။ ရဟန်းတော် ၃၃ ပါးရဲ့ ကိုယ်အလေးချိန်နဲ့ ညီမျှတဲ့ ရွှေကိုပေးရင် ရဟန်း ၃၃ ပါးကို မောင်မင်းကို ပေးမယ်"

"အရှင်မင်းကြီး ခဏဆိုင်းပါ"

တုလကပဏ္ဍိတ ပညာရှိသူတော်ကောင်းကလေးသည် ဝမ်းသာရွှင်မြူး စွာဖြင့် မိခင်ထံပြေးလာခဲ့၏။

"အို ... မိခင်၊ သားပြောတဲ့စကားကို နားထောင်တော်မူပါ။ ရဟန်းတော် များကို ဖမ်းဆီးပြီး သတ်မိန့်ပေးတဲ့အတွက် အဲသည်ရဟန်းတော်တွေကို ကျွန်တော်ဝယ်မယ် အမေ။ သုသာန်မှာ ဆင်းရဲဒုက္ခရောက်နေတဲ့ ရဟန်းတော် တွေကို သနားပါတယ် အမေ။ မြတ်စွာဘုရားရဲ့ သာသနာဟာ ရခဲပါတယ် အမေ။ ဒါကြောင့် ကျွန်တော့်ကို ရွှေပေးပါ"

တုလကပဏ္ဍိတ၏စကားကို ကြားသော မိခင်သည် ဝမ်းမြောက်ရွှင်ပြုံး စွာဖြင့် တုံ့ပြန်၏။

mgyoe.com

"ငါ့သားရွှေသွေး လူကလေး၊ ငါ့သားဟာ အကျိုးရှိတဲ့စကားကို ပြောတတ်ပါပေတယ်။ အမေ့မှာရှိသမျှ ရွှေတွေထဲက ငါ့သားအလိုရှိသလောက် ရွှေတွေကို ငါ့သားစိတ်တိုင်းကျ ယူပေတော့"

တုလကပဏ္ဍိတသည် ဝမ်းမြောက်ဝမ်းသာဖြင့် ကောင်းစွာပွင့်သော ပဒုမ္မာကြာကဲ့သို့ ရွှင်လန်းသောမျက်နှာဖြင့် နေရာမှထကာ ရွှေများထားရာ ဘဏ္ဍာကျီတိုက်ကို ဖွင့်စေ၏။ ထို့နောက် အလုပ်သမားတို့ကိုခေါ်ကာ မင်းရင်ပြင်၌ ရွှေများကို စုပုံစေလေ၏။

"အရှင်မင်းကြီး အရှင်မင်းကြီးအလိုရှိတဲ့ ရွှေများကို ကျွန်တော်မျိုး ယူလာပါပြီ ဘုရား။ ရဟန်းသံဃာများကို လွှတ်ပေးတော်မူပါဘုရား"

စိန္နဘုရင်မင်းမြတ်သည် ရွှေပုံကြီးကိုကြည့်ကာ ...

"အို ... တုလက၊ ရွှေနှင့် ရဟန်းကို ချိန်ခွင်တွင်ထည့်၍ ချိန်စက်အံ့" ဟု မိန့်တော်မူ၏။ သို့ဖြစ်သောကြောင့် တုလကပဏ္ဍိတသည် နာဂဒီပမထေရ်ထံ ချဉ်းကပ်လျှောက်ထား၏။

"အရှင်ဘုရား၊ တပည့်တော်ကို သနားသောအားဖြင့် သားရေနဲ့ပြုလုပ်ထားတဲ့ ဟောသည်ချိန်ခွင်ပေါ်ကို တက်တော်မူပါဘုရား"

နာဂဒီပမထေရ် ဦးဆောင်သော ရဟန်းတော်များကို ချိန်ခွင်ပေါ်သို့ တစ်ပါးချင်းအတက်ခိုင်းပြီး တစ်ပါးချင်း ရွှေနှင့် စက်ပြီး ဝယ်ယူရ၏။ ဤသို့လျှင် ရွှေကိုတင်ပေးလိုက်၊ ရဟန်းတော်တစ်ပါး တက်ရပ်လိုက်ဖြင့် ချိန်စက်လာရာ အပါး ၃၀ ချိန်စက်အပြီးတွင် တုလကပဏ္ဍိတ၏ရွှေများ ပြောင်စင်သွားလေ၏။

"တုလက ရွှေတွေကုန်ပြီ မင်းဘယ်လိုလုပ်မတုံး"

ဘုရင်မင်းမြတ်က မေးသောအခါ ပညာရှိသူတော်ကောင်းဖြစ်သော တုလကပဏ္ဍိတက ရိုသေစွာ ရှိခိုး၏။

"အရှင်မင်းကြီး ခဏဆိုင်းတော်မူပါ။ ကျန်သုံးပါးကို ရွေးဖို့အတွက် ကျွန်တော်မျိုးကိုယ်ကို သွားပြီးရောင်းပါရစေဦး"

တုလကပဏ္ဍိတ၏ ဇနီးသည်မှာ သမ္ဘာရ ဖြစ်၏။

mgyoe.com

mgyee.com SAMPLE BOOK

"ချစ်ဇနီး သမ္ဗာရရေ ... ငါတို့မှာရှိတဲ့ ရွှေတွေ၊ အမေ့မှာရှိတဲ့ ရွှေတွေနဲ့ ရဟန်းတော်တွေကို ရွေးတာ ရဟန်းတော်နှစ်ပါး နဲ့ သာမဏေတစ်ပါးပဲ ကျန်တော့တယ်။ အဲဒါကြောင့် ငါ့ကိုယ်ကို ရောင်းမယ်"

ထိုအခါ သမ္ဗာရသည်လည်းကောင်း၊ သားကလေးသည်လည်းကောင်း တုလကပဏ္ဍိတ၏ ခြေအစုံကို ဖက်ကြ၏။

"အရှင် ... သင့်ကိုယ်ကို မရောင်းပါလင့်။ ကျွန်တော်မျိုးမနဲ့ သားကလေးကိုရောင်းပြီး ရတဲ့အဖိုးအခနဲ့ အရှင်စိတ် ချမ်းသာသလို ပြုပါ"

ထိုအခါတွင် သားကလေးလည်း –

"ဟုတ်ပါတယ် အဖေ။ သားတို့ကို ရောင်းပါ"

ဟု ဝင်ရောက်ပြောဆို၏။ သို့ဖြစ်၍ တုလကပဏ္ဍိတသည် ငွေကြေးကြွယ်ဝသူတစ်ဦးထံ ဇနီးနှင့်သားကို ခေါ်သွားကာ ရောင်းချ၏။ ရသောရွှေဖြင့် ရဟန်းတော်များကို ရွေးရာ ရဟန်းတော်နှစ်ပါးအတွက်သာ ရွှေများရရှိသည်။ သာမဏေတစ်ပါး ကျန်ရှိ၏။ သာမဏေကလေးမှာ အသက်ခံရတော့မည် ထင်ပြီး အထိတ်တလန့်ငိုကြွေးလေ၏။ ထို့နောက် သာမဏေသည် နာဂမထေရ်ထံ ချဉ်းကပ်သည်။

"အရှင်ဘုရား ... တပည့်တော်ဟာ အရှင်ဘုရားထံမှာ သာမဏေဝတ်ခဲ့ပါတယ်ဘုရား။ နေရပ်ပြန်ရောက်လို့ တပည့်တော်တို့ရဲ့မိဘများကမေးရင် တပည့်တော်ရဲ့ သပိတ်နဲ့ ပရိက္ခရာတွေကို ပေးလိုက်ပါဘုရား"

ဤကဲ့သို့သော ဝမ်းနည်းဖွယ်အခြင်းအရာကို သူတော်ကောင်း တုလကပဏ္ဍိတသည် သည်းမခံနိုင်ပေ။ သို့ကြောင့် ဘုရင်မင်းမြတ်ထံ ချဉ်းကပ်လျှောက်ထား၏။

"အရှင်မင်းကြီး ...ကျွန်တော်မျိုးရဲ့ မိခင်ပိုင်တဲ့ ရွှေတွေ၊ ကျွန်တော်မျိုးပိုင်တဲ့ ရွှေတွေ ကုန်တဲ့အပြင် သားနဲ့မယားကို ရောင်းပေမဲ့ သာမဏေတစ်ပါး ကျန်နေတဲ့အတွက် ဇီဝိတဒါန ပြုတော်မူပါ ဘုရား"

"တုလက ... သင်ပြောသလို ငါမပြုနိုင်"

"အရှင်မင်းကြီး အဲသလိုဆိုရင်လည်း သာမဏေကိုလွှတ်ပြီး ကျွန်တော်

mgyee.com

 mgyoe.com SAMPLE BOOK 

မျိုးကို သာမဏေရဲ့ကိုယ်စား သတ်ပါဘုရား"

"မင့်စကား အတည်လား တုလကပဏ္ဍိတ"

"အတည်ပါဘုရား။ ယောကျ်ားတို့စကား မိုးကြိုးသွားပါ ဘုရား"

သို့ဖြစ်သောကြောင့် သူသတ်ယောကျ်ားများသည် သာမဏေကို လွှတ်ပေးလိုက်ကြ၏။ သာမဏေ၏ကိုယ်စား တုလက ပဏ္ဍိတကို ကြိုးဖြင့်ချည်နှောင်ပြီး အမျိုးမျိုးရိုက်နှက်နှိပ်စက်လျက် သုသာန်သို့ ခေါ်ဆောင်သွားကြ၏။ မြို့သူမြို့သားများမှာ လောဘကြီးသောဘုရင်ကို အပြစ်တင်နေကြစဉ် လူတချို့က မြစ်ဆိပ်သို့ ပြေးသွားကြ၏။ မြစ်ဆိပ်တွင် တုလကပဏ္ဍိတ၏ဖခင် ပုဏ္ဏားကြီး သုဇာတာသည် ပါဠလိပုတ်ပြည်၌ ကုန်ရောင်းပြီး လှေဖြင့်အပြည့် ရွှေများပါလာသောကြောင့် ဖြစ်ပေ၏။

သို့အတွက် လူများသည် မြစ်ဆိပ်သို့ပြေးသွားကာ အော်ဟစ်လျက်သတင်းပေးကြသည်။

"အချင်း သုဇာတာ သင့်သားတုလကပဏ္ဍိတဟာ ရဟန်းတော်တွေရဲ့အသက်ကို ကယ်တဲ့အတွက် သုသာန်ကို ရောက်နေပြီ"

ထို့ကြောင့် တုလကပဏ္ဍိတ၏ဖခင် သုဇာတာသည် သုသာန်သို့ ပြေးလာကာ သူသတ်များကိုတောင်းပန်၏။ ထို့နောက် နန်းတော်သို့ဝင်ကာ တုလကပဏ္ဍိတကို ဘုရင့်ထံမှ ဝယ်ယူရလေ၏။

"ကောင်းပြီ ပုဏ္ဏား။ မောင်မင်းသား၏ ကိုယ်အလေးချိန်နှင့် ညီမျှသော ရွှေကိုပေးနိုင်က သင့်သားကို ယူလော့"

ထိုစကားအရ သုဇာတာပုဏ္ဏားသည် လှေမှရွှေများကို နန်းတော်သို့ သယ်ယူလာကာ သားကိုရွေးယူပြီး အိမ်သို့ခေါ်သွားလေ၏။ ထိုအချိန်တွင် နာဂဒီပမထေရ်သည် ရဟန်းတော် ၃၂ ပါးကို သိမ်တစ်ခုတွင် စုရုံးခိုင်းသည်။ ရဟန်းပြုရန် အသက်ပြည့်နေသော သာမဏေကို ရဟန်းပြုပေးပြီးနောက် ဤသို့ မိန့်ကြား၏။

"ငါ့ရှင်တို့ တုလကပဏ္ဍိတပညာရှိသူတော်ကောင်းသည် သူ့မိသားစု၏စည်းစိမ်၊ သူ၏အသက်ကိုပေးလျက် ငါတို့၏ အသက်ကို ကယ်ဆယ်ထားခြင်း

mgyoe.com

SAMPLE BOOK

ဖြစ်ရာ အချည်းနှီးမဖြစ်ကောင်းပေ”

သို့ဖြစ်သောကြောင့် ရဟန်းတရားကို မဆုတ်မနစ် အားထုတ်ကြရာ မကြာမြင့်မီ အာသဝေါကုန်ခန်းပြီး ရဟန္တာအဖြစ်သို့ ရောက်တော်မူကြလေကုန်၏။ ထိုရဟန္တာအရှင်မြတ်များ ကောင်းကင်ခရီးဖြင့်ကြွသွားသည်ကို တုလကပဏ္ဍိတမြင်သောအခါ သူ အသက်စွန့်ရကျိုးနပ်လေစွဟု ဝမ်းသာပီတိ အဖြစ်ကြီး ဖြစ်နေလေ၏။

❑

mgyoe.com

mgyoe.com SAMPLE BOOK

# သုဝဏ္ဏကုမာရဇာတ်

ရှေးလွန်လေပြီးသောအခါက ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုတော်မူ၏။ ထိုမင်းသည် ရာဂထူပြောရကား အလုပ်အကျွေး မိန်းမနှင့် ဖောက်ပြန်ကျူးလွန်မိလေ၏။

ထိုအကြောင်းကို မိဖုရားခေါင်ကြီး သိသောအခါ ယုတ်မာညံ့ဖျင်းသူနှင့် ပေါင်းသင်းဆက်ဆံရကောင်းလားဟု ကဲ့ရဲ့ ပြစ်တင်ခြင်း ပြုလေ၏။

ထိုအခါ ဗြဟ္မဒတ်မင်းမှာ ရှက်လည်းရှက် ဒေါသလည်းထွက်ရကား လျှို့ဝှက်သောနေရာတစ်ခုသို့ လူသတ်သမား ယောက်ျားကို ခေါ်တော်မူ၏။

"အချင်းလူသတ်သမား ဤမည်သောမိန်းမကို မြို့ပြင်သို့ခေါ်သွားပြီး ဖျောက်ဖျက်ပစ်ချေလော့"

"အရှင်မင်းကြီး ကောင်းလှပါပြီ"

လူသတ်သမားသည် ဘုရင်မင်းမြတ်ညွှန်ပြသော အလုပ်အကျွေးအမျိုးသမီးကို မြို့ပြင်သို့ ဆောင်ယူသွားသည်။ သို့သော် ဘုရင်မင်းမြတ်၏ ထီးဖြူစောင့်နတ်သားသည် လူသတ်သမား၏ကိုယ်တွင် ပူးဝင်လျက် စိတ်ကို နူးညံ့အောင် လှည့်စားလိုက်သည်ဖြစ်သောကြောင့် လူသတ်သမားသည် ဘုရင်

mgyoe.com

mgyoe.com SAMPLE BOOK


မင်းမြတ်သေစေချင်သော အမျိုးသမီးကို အိမ်သို့ခေါ်သွားပြီး ချမ်းသာစွာ ထားသည်။

လူသတ်သမားသည် မင်းမိန့်ကို ဖီဆန်ရုံသာမက ထိုအမျိုးသမီးကို ညတွင်းချင်း သုတ်သင်ပြီးပါပြီဟု ဘုရင်မင်းမြတ်ကို လိမ်လည်လျှောက်ထား၏။ ပြည့်ရှင်မင်းသည် လူသတ်သမား၏စကားကို ယုံကြည်သဖြင့် လူသတ်သမားကို ရွှေငွေ ပစ္စည်းဥစ္စာများ ပေးကမ်းချီးမြှင့်တော်မူ၏။

ဘုရင်မင်းမြတ် သေစေချင်သော အလုပ်အကျွေးမိန်းမတွင် ဘုရင်မင်းမြတ်နှင့်ရသော ကိုယ်ဝန်သည် ရှိ၏။ ကိုးလ လွန်မြောက် ဆယ်လသို့ရောက်သောအခါ ရွှေအဆင်းနှင့်တူသော သားယောကျ်ားကို ဖွားမြင်၏။ လူသတ်သမားသည် ထိုသတို့သားအား 'သုဝဏ္ဏကုမာရ' ဟု အမည်ပေး၏။ သူငယ်သည် ထိုအိမ်၌ မိခင်နှင့်အတူနေကာ ကြီးပြင်းလာတော့သည်။

သုဝဏ္ဏကုမာရကို စောင့်ရှောက်နေသော ထီးဖြူစောင့်နတ်သားသည် သတို့သားအား မင်းဖြစ်စေလိုသည်။ ထို့ကြောင့် လူသူရှင်းလင်းချိန်တွင် ပြည့်ရှင်မင်းသို့ ကိုယ်ထင်ပြလျက်မေးသည်။

"အသင်မင်းကြီး ကျွန်ုပ်သည် သင့်ကို ပြဿနာမေးမည်။ အကယ်၍ ကျွန်ုပ်မေးသော ပြဿနာကို မဖြေကြားနိုင်ပါက သင့်ဦးခေါင်းကို ခုနစ်စိတ်ကွဲအောင် ဤသံတူဖြင့် ထုအံ့"

ထီးဖြူစောင့်နတ်သားမေးသော ပြဿနာဆယ်ခုမှာ –

(၁) တစ်ခုသာဖြစ်၏၊ နှစ်ခုမဟုတ်။ (၂) နှစ်ခုသာဖြစ်၏၊ သုံးခုမဟုတ်။ (၃) သုံးခုသာဖြစ်၏၊ လေးခုမဟုတ်။ (၄) လေးခုသာဖြစ်၏၊ ငါးခုမဟုတ်။ (၅) ငါးခုသာဖြစ်၏၊ ခြောက်ခုမဟုတ်။ (၆) ခြောက်ခုသာဖြစ်၏၊ ခုနစ်ခုမဟုတ်။ (၇) ခုနစ်ခုသာဖြစ်၏၊ ရှစ်ခုမဟုတ်။ (၈) ရှစ်ခုသာဖြစ်၏၊ ကိုးခုမဟုတ်။ (၉) ကိုးခုသာဖြစ်၏၊ ဆယ်ခုမဟုတ်။ (၁၀) ၁၀ ခုသာဖြစ်၏၊ ၁၁ ခုမဟုတ်။

စသည်တို့ပေတည်း။

ထိုသို့ပြောကြားကာ နတ်သား ကွယ်ပျောက်သွားငြား ပြည့်ရှင်မင်းမှာ

mgyoe.com

mgyoe.com
SAMPLE BOOK


တစ်စုံတစ်ရာမျှ မသိသောကြောင့် သောကပွေလျက် အချိန်ကုန်ခဲ့လေ၏။ ထိုမှဆက်လက်၍ နတ်သားမေးခဲ့သော ပြဿနာ ၁၀ ခုကို ဖြေဆိုနိုင်ရန် ကြိုးစားငြား တစ်ခုသော်မျှ မကြံစည်နိုင်ချေ။

သို့ကြောင့် နောက်တစ်နေ့ ညီလာခံတွင် ဘုရင်မင်းမြတ်၏ အမတ်များကို ပြောကြားသည်။

"အို ... အမတ်များတို့ နတ်သားတစ်ယောက်သည် ကျွန်ုပ်ကို ပြဿနာ ၁၀ ခုမေးသည်။ ယင်းပြဿနာ ၁၀ ခုကို ကျွန်ုပ် ကြံစည်၍မရပါ။ ထိုပြဿနာ ၁၀ ရပ်ကို ဖြေဆိုနိုင်သူ မည်သူ့ကိုမဆို ကျွန်ုပ်သည် များစွာသော ဥစ္စာစည်းစိမ် အခြံအရံများပေးမည်"

ညီလာခံပရိသတ် နောက်ဆုံးအစွန်တွင် လူသတ်သမား ခစားလျက်ရှိ၏။ သူသည် ဘုရင်မင်းမြတ် မိန့်ကြားလိုက်သောစကားကို အိမ်သားများသို့ ပြန်လည်ပြောကြား၏။ ထိုအခါ သုဝဏ္ဏကုမာရက ဤသို့ပြော၏။

"အို ... ဖခင် ကျွန်တော်သည် ထိုပြဿနာ ၁၀ ရပ်ကိုသာမက အခြား မည်သည့်ပြဿနာကိုမဆို ဖြေကြားနိုင်ပါသည်"

သို့ဖြစ်သဖြင့် လူသတ်သမားသည် ပြည့်ရှင်မင်းသို့ ထိုအကြောင်းကို ပြန်လည်လျှောက်ထား၏။

"အရှင်မင်းကြီး ...ကျွန်တော်မျိုးရဲ့သားဟာ အဲဒီပြဿနာ ၁၀ ခုသာမက တခြားကိစ္စတွေလည်း ဖြေရှင်းနိုင်တယ် ပြောပါတယ် ဘုရား"

"မောင်မင်း၏သား ပြဿနာဖြေဖို့ လိုအပ်သမျှကို တင်စေ မောင်မင်း"

ဘုရင်မင်းမြတ် မိန့်ကြားလိုက်သမျှကို လူသတ်သမားက သုဝဏ္ဏကုမာရသို့ ပြန်လည်ပြောပြသည်။ ထိုအခါ သုဝဏ္ဏကုမာရက ပြန်လည် ပြောကြားသည်မှာ ဤသို့ဖြစ်ပေသည်။

"အို ... ဖခင် တစ်မြို့လုံးကို တန်ဆာဆင်ပါ။ ဟောဒီအိမ်က ပြည့်ရှင်မင်းရဲ့ နန်းတော်အထိ မြေတွေကို ညီအောင်ညှိရမယ်။ မင်းရင်ပြင်ရဲ့ အလယ်ဗဟိုမှာ ပလ္လင်ကြီးထားပြီး ကောင်းမြတ်တဲ့ အိပ်ရာကို ခင်းထားရမယ့်အပြင် ထီးဖြူလည်း မိုးထားရမယ်"

mgyoe.com

mgyoe.com SAMPLE BOOK


သုဝဏ္ဏကုမာရ၏အစီအစဉ်မှာ ဤမျှမဟုတ်သေးပေ။ မင်္ဂလာဆင်တော်ကို ကကြိုးတန်ဆာဆင်ယင်ပြီး ခေါ်ခဲ့ရမည်။ သုဝဏ္ဏကုမာရက ထိုဆင်ကိုစီးလျက် နန်းတော်သို့သွားမည်။ ပလ္လင်ပေါ်တွင် ကောင်းစွာခင်းထားသည့် အိပ်ရာ၌နေကာ ဘုရင်မင်းမြတ်၏ ပြဿနာများကို ဖြေဆိုပေးမည်။

လူသတ်သမားသည် သုဝဏ္ဏကုမာရပြောသမျှကို ဘုရင်မင်းမြတ်ထံ ပြန်လည်တင်ပြလျှောက်ထား၏။ ဘုရင်မင်းမြတ်သည် ချက်ချင်း မင်းမိန့်ထုတ်ပြန်၏။ ဘုရင်မင်းမြတ်၏ အမိန့်တော်မှာ ရွှေမြို့တော်ကို နတ်မြို့တမျှ သာယာအောင် တန်ဆာဆင်ခြင်း၊ သုဝဏ္ဏကုမာရရှိသောနေရာနှင့် နန်းတော်ကြားတွင် မြေပြင်ကိုညှိသည်။ သဲဖြူခင်းသည်။ ရာဇမတ်ကာသည်။ ငှက်ပျောပင်၊ ကြံပင်များ စိုက်ထောင်သည်။

ထို့ပြင် လမ်းကို ပိတာန်မိုးသည်။ ဆန်ပန်းပေါက်ပေါက်ကြဲလျက် ရေပြည့်အိုးများ ခင်းကျင်းထားသော ထိုလမ်းအတိုင်း သုဝဏ္ဏကုမာရသည် မင်္ဂလာဆင်တော်စီး၍ လာ၏။ နန်းတော်၏ အလယ်ဗဟိုတွင်ထားသော ပလ္လင်ထက်ရှိ ကောင်းမွန်သောအိပ်ရာတွင်နေစဉ် ပြည့်ရှင်မင်းသည် ချဉ်းကပ်လာ၏။

"အမောင်ပညာရှိလုလင် ကျွန်ုပ်၏ ထီးဖြူစောင့်နတ်သားသည် ကိုယ်ထင်ပြလျက် ကောင်းကင်၌ရပ်ကာ ပြဿနာ ၁၀ ရပ်ကို မေးမြန်းပါသည်။ ကျွန်ုပ်သည်ကား ယင်းပြဿနာ ၁၀ ရပ်ကို ဖြေဆိုခြင်းငှာမစွမ်းနိုင်ပါ။ ထို့ကြောင့် ယခုအခါ သင်ပညာရှိလုလင်သည် ဖြေကြားပါလော့"

"ကောင်းပါပြီ အရှင်မင်းကြီး ပြဿနာ ၁၀ ရပ်ကို ပြောကြားပါလော့"

သုဝဏ္ဏကုမာရထံသို့ ပြည့်ရှင်မင်းသည် ထီးဖြူစောင့်နတ်သား မေးသော ပြဿနာများကို တင်ပြ၏။

"အမောင်ပညာရှိလုလင် တစ်ခုသာဖြစ်၏၊ နှစ်ခုမဟုတ်ဆိုတာ ဘာလဲ"

"မြတ်သောမင်းကြီး လောက၌ တစ်ဆူသာဖြစ်သော နှစ်ဆူမြောက်မရှိသောအရာသည် ဖြစ်ပေါ်ပါ၏။ ယင်းသည်မှာကား သစ္စာလေးပါးကို သိတော်မူသော မြတ်စွာဘုရားသည် တစ်ဆူသာဖြစ်ပါသည်။ နှစ်ဆူဟူ၍ မရှိပါ အရှင်မင်းမြတ်"

mgyoe.com

ထိုသို့ သုဝဏ္ဏကုမာရ ဖြေဆိုသည့်စကား၌ ထီးဖြူစောင့်နတ်သည် ကောင်းချီးသြဘာပေး၍ ရတနာခုနစ်ပါးကို ကြဲဖြန့်လျက် ကောင်းကင်၌ ရပ်တည်၏။ ဗြဟ္မဒတ်မင်းလည်း မင်္ဂလာဆင်တော်ကို ဓမ္မပူဇာအဖြစ် သုဝဏ္ဏကုမာရသို့ ပူဇော်သက္ကာရ ပြုလေ၏။

"ဒုတိယပြဿနာကို အမိန့်ရှိပါ အရှင်မင်းကြီး"

"ဒုတိယပြဿနာကတော့ နှစ်ခုသာ ဖြစ်၏။ သုံးခုမဟုတ် ဆိုတာပါပဲ အမောင်"

"မြတ်သောမင်းကြီး လောက၌ နှစ်ယောက်သာဖြစ်၍ သုံးယောက်မရှိသောအရာသည် မြတ်စွာဘုရား၏ လက်ဝဲရံ၊ လက်ယာရံ အဂ္ဂသာဝက အရှင်မြတ်နှစ်ပါး ဖြစ်ပါတယ်"

ဘုရင်မင်းမြတ်၏ ထီးဖြူစောင့်နတ်သားသည် ရတနာခုနစ်ပါးကြဲဖြန့်လျက် အထက်ပါနည်းတူ ကောင်းချီးပေး၏။ ဘုရင်မင်းမြတ်လည်း မင်္ဂလာမြင်းတော်ကိုယူပြီး ဓမ္မပူဇာအဖြစ် ပူဇော်ပြန်လေ၏။

"အို ... မြတ်သောမင်းကြီး တတိယပြဿနာကို ဆက်လက်မိန့်ကြားပါလော့"

"သုံးခုသာဖြစ်၏၊ လေးခုမဟုတ်ဆိုတာဟာ သုံးခုမြောက်သော တတိယပြဿနာပါပဲ"

"သုံးပါးသာရှိ၍ လေးပါးမရှိသောအရာကား ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးဖြစ်ပါတော့သည် အရှင်မင်းကြီး"

"သာဓု ... သာဓု ... သာဓု"

ထီးဖြူစောင့်နတ်၏ ကောင်းချီးပေးသံ ညံသွားသည်။ ဗြဟ္မဒတ်မင်းကြီးမှာ သုဝဏ္ဏကုမာရအား ကျွန်ယောကျ်ား ၁၀၀၊ ကျွန်မိန်းမ ၁၀၀ နှင့် ကျွဲ ၁၀၀၊ နွား ၁၀၀ တို့ဖြင့် တရားပူဇော်မှုပြု၏။

"မြတ်သောမင်းကြီး စတုတ္ထပြဿနာကို ဆက်လက်မိန့်ကြားတော်မူပါဦး"

"ပညာရှိ အမောင်လုလင် စတုတ္ထပြဿနာမှာ လေးခုဖြစ်၏။ ငါးခု

mgyoe.com

mgyoe.com SAMPLE BOOK

မဟုတ်ဆိုတဲ့ ပုစ္ဆာပါပဲ"

ထိုပြဿနာကို သုဝဏ္ဏကုမာရသည် ဤသို့ဖြေကြား၏။

"မြတ်သောမင်းကြီး မြတ်စွာဘုရား၏ သာသနာတော်၌ လေးပါးသော သီလသည်ရှိ၏။ ယင်းတို့သည်ကား ပါတိမောက္ခသံဝရသီလ = ပါတိမောက်ကို စောင့်ရှောက်ခြင်း၊ ဣန္ဒြိယသံဝရသီလ = မျက်စိစသော ဣန္ဒြေတို့ကို စောင့်ထိန်းခြင်း၊ အာဇီဝပါရိသုဒ္ဓိသီလ = အသက်မွေးဝမ်းကျောင်းစင်ကြယ်အောင် စောင့်ထိန်းခြင်း၊ ပစ္စယသန္နိဿိတသီလ = ပစ္စည်းလေးပါးတို့၌ မှီ၍ဖြစ်သော စောင့်စည်းခြင်း စသည်တို့ ဖြစ်ပါသည် မင်းမြတ်"

နတ်သားသည် ရှေးနည်းတူ ကောင်းချီးပေး၏။ ဘုရင်မင်းမြတ်သည်ကား အဝတ်အထည်အမျိုးမျိုးတို့ဖြင့် ဓမ္မပူဇာအဖြစ် ပူဇော်၏။

"မြတ်သောမင်းကြီး ပဥ္စမမြောက် ပြဿနာကို ဆိုဦးလော့"

"ပညာရှိလုလင် ပဥ္စမမြောက်ပြဿနာမှာ ငါးခုဖြစ်၏။ ခြောက်ခုမဟုတ်ဟူ၍ ဖြစ်ပါသည်"

"မြတ်သောမင်းကြီး ငါးပါးသောအရာတို့သည် ရှိ၏။ ဤသည်တို့ကား အမြဲစောင့်ထိန်းအပ်သော ပါဏာတိပါတာ ဝေရမဏီ – သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း စသော ငါးပါးသီလပေတည်း"

ထိုအဖြေ၏အဆုံးတွင် ထီးဖြူစောင့်နတ်သည် သုဝဏ္ဏကုမာရအား ကောင်းချီးပေး၏။ ဗြဟ္မဒတ်မင်းသော်ကား ကချေ သည်မိန်းမ ၁၆၀၀၀ တို့ကို ဓမ္မပူဇာအဖြစ် ပေးအပ်၏။ သုဝဏ္ဏကုမာရကား အချောအလှ ၁၆၀၀၀ ၌ စိတ်မဝင်စား။ ပြဿနာဖြေဆိုရန်သာ စိတ်စောနေ၏။

"အရှင်မင်းကြီး ဆဋ္ဌမပြဿနာကို သိပါရစေ"

"အရှင်မင်းသား ခြောက်ခုဖြစ်၏။ ခုနစ်ခုမဟုတ်သည် ဆဋ္ဌမပြဿနာဖြစ်ပါတော့သည်"

"ဘုရင်မင်းမြတ် လောက၌ ခြောက်ခုသာဖြစ်သော အရာရှိသည်၊ ဤသည်မှာ စတုမဟာရာဇ် စသော ကာမာဝစရ နတ်ပြည်ခြောက်ထပ်ပေတည်း"

mgyoe.com

 mgyoe.com SAMPLE BOOK 

"သာဓု ... သာဓု ... သာဓု"

နတ်သား၏ ကောင်းချီးပေးသံ့ည်သွား၏။ ပြည့်ရှင်မင်းကြီးသော်ကား ကုဋေ ၁၀၀၀ တန်ဖိုးရှိ ရွှေငွေတို့ကို ဓမ္မ ပူဇာအဖြစ် ပေးအပ်ပူဇော်သည်။

"မင်းကြီး သတ္တမပြဿနာကို ဆိုဦးလော့"

"ပညာရှိလုလင် ခုနစ်ခုဖြစ်၏၊ ရှစ်ခုမဟုတ်"

"ဘုရင်မင်းမြတ် ခုနစ်ပါးသောအရာကား မြတ်စွာဘုရား ဟောကြားတော်မူသော ဗောဇ္ဈင်ခုနစ်ပါးတို့ပါတည်း။ ယင်းတို့ကား သတိ၊ ဓမ္မဝိစယ၊ ဝီရိယ၊ ပီတိ၊ ပဿဒ္ဓိ၊ သမာဓိ၊ ဥပေက္ခာ သမ္ဗောဇ္ဈင်ဟု ဆိုအပ်သော ဗောဇ္ဈင် ခုနစ်ပါးတို့တည်း"

ထီးဖြူစောင့်နတ်သားမှ ကောင်းချီးပေး၍ ပြည့်ရှင်မင်းက မိဖုရားကြီးနှင့် သားတော် သမီးတော်တို့ကို သုဝဏ္ဏကုမာရထံ ဓမ္မပူဇာအဖြစ် ပေးအပ်၏။

"ဘုရင်မင်းမြတ် အဋ္ဌမပြဿနာကို ဆိုဦးလော့"

"အဋ္ဌမမြောက်ပြဿနာမှာ ရှစ်ခုဖြစ်၏။ ကိုးခုမဟုတ်ပါအမောင်"

"မြတ်သောမင်းကြီး ရှစ်ပါးအပြားရှိသော အရာကား ရှစ်ပါးသီလဖြစ်၏။ တစ်နည်းလည်း မဂ္ဂင်ရှစ်ပါးတရားပေတည်း။ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာ သမာဓိတို့သည် မဂ္ဂင်ရှစ်ပါး ဖြစ်ပေ၏"

ထီးဖြူစောင့်နတ်သားသည် နှစ်ထောင်းအားရ ကောင်းချီးပေး၏။ ဗြဟ္မဒတ်မင်းသော်ကား တိုင်းပြည်၏ စည်းစိမ်တစ်ဝက်ကို ဓမ္မပူဇာအဖြစ် ပေးလှူ၏။

"မြတ်သောမင်းကြီး နဝမမြောက်ပြဿနာကို ကြားသိပါရစေ"

"အမောင်ပညာရှိ ကိုးခုဖြစ်သည်၊ ၁၀ ခုမဟုတ်မှာ နဝမမြောက် ပြဿနာဖြစ်ပါတော့သည်"

"ရွှေနားဆင်လော့ အသင်မင်းကြီး မဂ်လေးပါး၊ ဖိုလ်လေးပါးနဲ့ နိဗ္ဗာန် တို့ဟာ လောကုတ္တရာတရား ကိုးပါးဖြစ်ပေတယ်"

ဤအခါတွင်လည်း ထီးဖြူစောင့်နတ်သားက ကောင်းချီးပေးပြီး ပြည့်ရှင်

mgyoe.com

mgyoe.com SAMPLE BOOK


မင်းသော်ကား ဓမ္မပူဇာအဖြစ် သူ့ကိုယ်သူ ပေးအပ်လေ၏။

"မြတ်သောမင်းကြီး ဒသမမြောက် ပြဿနာကို မိန့်ကြားပါဦး"

"အမောင်ပညာရှိ ၁၀ ခုသာဖြစ်၏၊ ၁၁ ခု စသည်မဟုတ်"

"မြတ်သောမင်းကြီး ၁၀ ခုသောအရာကား လူတို့ အလေးအမြတ်စောင့် ထိန်းအပ်သော ဆယ်ပါးသီလတရားပါပေတည်း" ဟူ၍ ဖြစ်ပေ၏။

တရားအဆုံးတွင် ထီးဖြူစောင့်နတ်သည် မြေပြင်ဖုံးအောင် ရတနာ ခုနစ်ပါးကို ကြဲဖြန့်ပူဇော်၏။ ဗြဟ္မဒတ်မင်းသော်ကား ဗာရာဏသီတစ်မြို့လုံး ကို ဓမ္မပူဇာအဖြစ် သုဝဏ္ဏကုမာရသို့ ပေးအပ်လှူဒါန်းလေ၏။ ဘုရင်မင်းမြတ် ၏ နောက်ပါးမှ တရားနာကြရသော မှူးမတ်နှင့် ပုဏ္ဏား၊ သူဌေး၊ သူကြွယ်များ သည် ခေါင်းပေါင်းများကို ပစ်မြှောက်ကြ၏။ ရတနာများကို ကြဲဖြန့်ပူဇော် ကြ၏။ ယင်းသမယဝယ် ထီးဖြူစောင့်နတ်သားက ဆုံးမဩဝါဒပေး၏။

"မြတ်သောမင်းကြီး ဤပြဿနာကို ဖြေကြားသူက သင်မင်းကြီး၏ သားတော်အစစ်ဖြစ်ပေသည်။ သင်မင်းကြီးနှင့် ဤသုဝဏ္ဏကုမာရ၏မိခင်တို့ တစ်ကြိမ်တစ်ခါမျှ ကျူးလွန်မိသည်မှုဖြင့် ယင်းမိန်းမတွင် သန္ဓေရသွားသည်၊ မြတ်သောမင်းကြီး ဤသုဝဏ္ဏကုမာရသည် သင်၏သား အစစ်အမှန်ဖြစ်ပေ သည်"

နတ်သား၏ရှင်းလင်းစကားကို ကြားနာရသူအပေါင်းမှာ အံ့ဩဝမ်းသာ ဖြစ်နေကြ၏။ ထိုအခါ ဗြဟ္မဒတ်မင်းသည် လူသတ်သမားကို ခေါ်ယူစစ်ဆေး လေ၏။

"မှန်လှပါ။ သတ်လျှင်လည်း သေရပါမယ်။ ထားလျှင်လည်း ရှင်ရပါ မယ် အရှင်မင်းကြီး။ လူတစ်ယောက်ရဲ့အသက်ကို သတ်ဖို့ဖြတ်ဖို့ ဝန်မလေးတဲ့ ကျွန်တော်မျိုးက အဲဒီအမျိုးသမီးကို သနားပြီး အိမ်ခေါ်သွားမိပါတယ် ဘုရား"

ဗြဟ္မဒတ်မင်းသည် လူသတ်သမားကြောင့်သာ သားပညာရှိကို မှီဝဲခွင့်ရ ပေသည်ဟု သူသတ်ယောကျ်ားအား အပြစ်မှ လွှတ်ကာ ဆုတော်လာဘ်တော် များပေး၏။ ထို့နောက် သုဝဏ္ဏကုမာရကို ဘိသိက်သွန်းကာ မင်းအဖြစ် တင် မြှောက်၏။ သုဝဏ္ဏကုမာရ၏ မယ်တော်ကိုလည်း မိဖုရားကြီးအဖြစ်

mgyoe.com

gyoe.com SAMPLE BOOK 

တင်မြှောက်၏။

ဗာရာဏသီပြည်၏ မင်းအဖြစ်ကိုရရှိသော သုဝဏ္ဏကုမာရသည် ခမည်းတော်မင်းကြီးနှင့် တိုင်းသူပြည်သားများကို တရားဟောပြော၏။ ဒါန၊ သီလ၊ ဘာဝနာတရားများကို များစွာဖြည့်ဆည်းရန် စသည် များစွာသော အမှုကိစ္စတို့ထက် မေတ္တာတရား ပွားများနိုင်ခြင်းသည် အကောင်းဆုံးအမြတ်ဆုံး ဖြစ်ပေတော့သည်။

ဗာရာဏသီပြည့်ရှင် ဗြဟ္မဒတ်မင်းသော်ကား သားတော် သုဝဏ္ဏကုမာရအား ထီးနန်းလွှဲအပ်ပေးပြီးနောက် ရသေ့ ရဟန်းပြုလျက် တောထွက်ခွာလေသတည်း။

❑

mgyoe.com

mgyoe.com SAMPLE BOOK

## ဝင့်ခံရသော မိသားစု

ရှေးလွန်လေပြီးသောအခါ စမ္ပာမြို့တွင် သုမ္ဘမိတ္တမင်း မင်းပြုတော်မူ၏။ ထိုမင်း၏ညီတော်မှာ အသုမ္ဘမိတ္တ ဖြစ်သည်။ မင်း၏မိဖုရားကြီးမှာ ကေသနီ ဖြစ်သည်။ သားတော်နှစ်ပါးရှိရာ ဇေယျဒတ္တနှင့် ဇေယျသေန အမည်တော်ရှိကြသည်။

တစ်နေ့သောအခါတွင် ညီတော်အသုမ္ဘမိတ္တသည် ဤသို့ စဉ်းစား၏။

"ငါ့နောင်တော်မှာ သားတော်နှစ်ပါးရှိတဲ့အတွက် ငါဟာ ပြည့်ရှင်မင်း ဖြစ်ဖို့ လမ်းမရှိဘူး။ ဒါကြောင့် လူသူစုဆောင်းပြီး ပုန်စားပုန်ကန်လုပ်မှ ဖြစ်မယ်"

ထိုသို့ စဉ်းစားမိသော အသုမ္ဘမိတ္တသည် သုမ္ဘမိတ္တမင်းထံ ခစားနေသော အမတ်ကြီးများကို လက်ဆောင်ပဏ္ဏာများ ပေးကမ်းသိမ်းသွင်းသည်။ ဦးရီးတော်၊ ဘကြီးတော် စသည်ဖြင့် ချစ်စဖွယ်စကားများ ပြောဆိုချဉ်းကပ်သည်။

တစ်နေ့သောအခါတွင် အသုမ္ဘမိတ္တသည် သူသိမ်းသွင်းစည်းရုံးထားသော လူအင်အားကိုသိရန် သူ၏အိမ်၌ စည်းဝေးပွဲတစ်ခု ကျင်းပသည်။ ထိုစည်းဝေးပွဲသို့ တက်ရောက်ခဲ့သော သစ္စာရှိသောအမတ်သည် သုမ္ဘမိတ္တမင်းထံသို့

mgyoe.com

လျင်မြန်စွာ အခစားဝင်၏။ ဘုရင်မင်းမြတ်နှင့်အတွေ့တွင် ညီတော် အသုမ္ဘ မိတ္တမင်းသား ထကြွပုန်ကန်ရန် လူသူစုဆောင်းနေကြောင်း လျှောက်တင်လေသည်။

"အို ... အမတ်၊ သင်ကား သစ္စာရှိပါပေစွ"

စမ္မာပြည့်ရှင် ဘုရင်မင်းမြတ် သုမ္ဘမိတ္တသည် သစ္စာရှိသောအမတ်ကို ချီးမွမ်းတော်မူသည်။ ဆုတော်လာဘ်တော်လည်း များစွာပေးကမ်းချီးမြှင့်တော်မူလိုက်သည်။ ထို့နောက် ဘုရင်မင်းမြတ်သည် တစ်ပါးတည်းစံစားရင်း စဉ်းစား သုံးသပ်တော်မူ၏။

"ညီတော် အသုမ္ဘမိတ္တသည် ငါ့အား ပုန်စားပုန်ကန်ပြုရန် ကြံရွယ်သော်လည်း စစ်ထိုးစစ်ခံအတတ်၌ ငါ့ကိုမမီပေ။ အကယ်၍ ငါ့အား စစ်ဖက်ပြိုင်ပါက စစ်ရှုံးမည်။ သူ၏ဘက်မှ လိုက်ပါသူများလည်း သေကျေပျက်စီးကြတော့မည်။ ထို့ကြောင့် ငါသည် ညီတော်အသုမ္ဘမိတ္တကို စစ်ထိုးခြင်းမှ ရှောင်လွှဲအံ့"

ထိုသို့ဆုံးဖြတ်တော်မူပြီးသော သုမ္ဘမိတ္တမင်းသည် မိဖုရားကြီး၏ အဆောင်တော်သို့ ကြွမြန်းခဲ့သည်။ ကောင်းမွန်စွာ ခရီးဦးကြိုသော ကေသနီ မိဖုရားကြီးကို ဤသို့မိန့်တော်မူသည်။

"အဘယ်မိဖုရားကြီး သင့်ကို ငါပေးသော ဥယျာဉ်ခြံမြေ၊ ရွှေငွေဥစ္စာများစွာရှိသည်။ သင်၏ ခမည်းတော်ပေးလိုက်သော ဥစ္စာရတနာများလည်း များစွာရှိသည်။ ယင်းတို့ကို မိဖုရားကြီး မည်ကဲ့သို့ စီမံထားသနည်း"

"အရှင်မင်းကြီး ရဟန်း၊ ပုဏ္ဏားတို့ကို ပေးကမ်းလှူဒါန်းခြင်းဖြင့် လူမခိုးနိုင်သော ရွှေအိုးတို့ကို မြှုပ်နှံထားပါသည်"

"ကောင်းပေစွ မိဖုရားကြီး၊ ကောင်းပေစွ။ ငါ၏သားတော်များကို ရှေးကထက်တိုးပြီး ချစ်ခင်ပါ၊ ယုတ်မာတဲ့ ညီတော် အသုမ္ဘမိတ္တက မသတ်နိုင်အောင် စောင့်ရှောက်ပါ"

"အရှင်မင်းကြီး ဘာပြုလို့ အဲဒီစကားကို မိန့်တော်မူတာလဲ"

"ငါဟာ သစ်၊ ကျား၊ ဆင် စတဲ့ သားရဲတိရစ္ဆာန်တွေပြွမ်းတဲ့ တောကို သွားမယ်။ အဲဒီမှာ အသက်ရှင်စရာအကြောင်း မရှိတဲ့အတွက် မိဖုရားကြီးကို

mgyoe.com

mgyoe.com SAMPLE BOOK

မှာကြားနေတာ ဖြစ်တယ်"

"အရှင်မင်းကြီး ဆင်ပြောင်ကြီးသွားရာ ဆင်မယဉ်သာ လိုက်သလို ကျွန်တော်မျိုးမလည်း သားနှစ်ယောက်ကို လက်ဆွဲပြီး အရှင်မင်းကြီး နောက်တော်ပါးက လိုက်ပါရစေဘုရား"

"မိဖုရား သင်ဟာ ရွှေနန်းတော်ထက်မှာနေပြီး စန္ဒကူး အမွှေးအထုံ လိမ်းကျံတဲ့ ကိုယ်ရှိတယ်။ ကာသိကရာဇ်တိုင်းဖြစ် အထည်မျိုး၊ အဖိုးတစ်သိန်း မက ထိုက်တန်တဲ့ ခေါမတိုင်းဖြစ် ဝတ်ကောင်းတန်ဆာကို ဝတ်ဆင်နေထိုင်ခဲ့ ရာက အခုမှ ဘာပြုလို့ သမန်းကျစ်ပုဆိုးကို ဝတ်ဆင်ချင်ရတာတုံး"

"အရှင်မင်းကြီး လောကမှာ မိန်းမတွေရဲ့ ဆင်းရဲဟူသမျှမှာ မုဆိုးမဖြစ် ရခြင်းဟာ အလွန်ဆင်းရဲလှပါတယ်ဘုရား။ ဒါကြောင့် လင်သွားရာကို ဖဝါး ခြေထပ်မလိုက်ဘဲ ဘာပြုလို့ မုဆိုးမ လုပ်နေခဲ့ရမှာလဲ ဘုရား"

သုမ္ဘမိတ္တမင်းကြီး မည်ကဲ့သို့ ဖျောင်းဖျစေကာမူ ကေသနီမိဖုရားကြီး နားမဝင်သဖြင့် တစ်နည်းလှည့်ပြီး ပြောတော်မူသည်။

"ဇေယျသေန၊ ဇေယျဒတ္တ သားတော်နှစ်ပါးမှာ လွန်စွာငယ်ရွယ်နုနယ် တဲ့အတွက် သူတို့ကို ထားခဲ့ပါ မိဖုရားကြီး။ ရွှေသလွန်ပေါ်၌ ကော်ဇော၊ ခင်းနှီး ပြောက်၊ လဲဝါပေါက်မက နုလှသော အိပ်ရာ၌ အိပ်နေကျတွင် အသို့လျှင် ရှန့်ကြမ်းစွာသော မြက်ခင်းနှီး၌ အိပ်နိုင်ရာလိမ့်နည်း"ဟုရင်မင်းမြတ်သည် သားတော်နှစ်ပါး မလိုက်နိုင်စေရန် ထပ်မံ မိန့်ကြားတော်မူပြန်၏။

"အကျော် စန္ဒကူး နံ့သာ အမွှေးအထုံတို့ကို လိမ်းကျံခဲ့ရာက အသို့လျှင် မြူကြေးညှိတို့ကို လိမ်းကျံနိုင်မည်နည်း။ စာမရီသားမြီးယပ်၊ ဥဒေါင်းမြီးယပ် တို့ဖြင့် ယပ်၍ ဘေးဥပဒ်မှန်းမသိရှိခဲ့ပြီးမှ တောအရပ်၌ မှက်၊ ခြင်၊ ယင်ရဲတို့ ကိုက်ခဲခဲ့သော် ငါ့သားတော်တို့သည် အသို့လျှင် ခံနိုင်ရာအံ့နည်း"

"အရှင်မင်းကြီး ဤသားငယ်နှစ်ယောက်သည် ကျွန်တော်မျိုးမ၏ အသက်တမျှ ချစ်မဝသောသားများ ဖြစ်ကြပါသည်။ သို့ဖြစ်၍ ကျွန်တော်မျိုးမ သည် သားငယ်နှစ်ဦးပါခေါ်လျက် အရှင်မင်းကြီးကို လုပ်ကျွေးပါရစေ။ မိဘနှင့် ကွေကွင်းပြီး သားတော်နှစ်ယောက် ဒုက္ခရောက်မှာ စိုးလို့ပါဘုရား"

mgyoe.com

 mgyoe.com SAMPLE BOOK 

သုမ္ဘမိတ္တမင်းကြီးမှာ ကေသနီမိဖုရားနှင့် သားတော်များကိုပါ မတား မြစ်နိုင်တော့သဖြင့် လိုက်ပါခွင့်ပြုရလေ၏။

သို့ဖြင့် သုမ္ဘမိတ္တမင်းကြီးသည် ဆင်းရဲသား အယောင်ဆောင်ကာ အထုပ်အပိုးကို ပခုံးဖြင့်ထမ်းလျက် သားကြီး ဇေယျဒတ္တကို ရင်ခွင်ပိုက်ကာ ခေါ်ခဲ့၏။ မိဖုရားကြီးမှာ သားငယ်ကို ခါးထစ်ခွင်လျက် အထုပ်အပိုးကို ခေါင်း ဖြင့်ရွက်ကာ ဆင်းရဲသူမအသွင်ဖြင့် မြို့မှ ထွက်လာကြလေ၏။

သုမ္ဘမိတ္တမင်း၊ မိဖုရားနှင့် သားတော်နှစ်ပါးသည် စမ္ပာမြို့မှ ထွက်လာခဲ့ ကြပြီးနောက် ခရီးတစ်သောင်းခန့်အရောက်တွင် ကြီးမားသော မြစ်ကြီးတစ်စင်း ကန့်လန့်စီးနေသည်ကို တွေ့ကြရ၏။

ထိုမြစ်ကမ်းစပ်တွင် တည်ပင်ကြီးတစ်ပင်နှင့် ရေသဖန်းပင်တို့ ယှဉ်တွဲ ပေါက်ရောက်နေသည်။ သုမ္ဘမိတ္တမင်းကြီးသည် ရေပြင်ကိုကြည့်ရာက မိဖုရား ကြီးကို ဤသို့ပြော၏။

"သင်တို့သားအမိသုံးယောက်ကို တစ်ပြိုင်နက် မသယ်နိုင်ဘူး။ လေးလံ တဲ့ မိဖုရားကြီးကို တစ်ဖက်ကမ်းပို့ပြီးမှ ကလေးတွေကို နောက်တစ်ခေါက် ပြန်ပြီးခေါ်မယ်"

"ကောင်းလှပါပြီ အရှင်မင်းကြီး"

ကေသနီ မိဖုရားကြီးသည် သားငယ်ဇေယျသေနကို နို့တိုက်ပြီး စောင် တစ်ထည်တွင် သိပ်၏။ သားကြီးဇေယျဒတ္တကို စားစရာများ ဝအောင်ကျွေးပြီး မှာကြား၏။

"ညီတော့်အနားမှာ နေနော်။ ခမည်းတော် အခုပဲ ပြန်လာခဲ့မယ်"

"ခမည်းတော် မှောင်အောင်မနေနဲ့နော်။ မြန်မြန်ပြန်ခဲ့နော်"

ဇေယျဒတ္တသည် မပီကလာ ပီကလာဖြင့် မှာကြားရင်း ကျန်ခဲ့၏။ သုမ္ဘမိတ္တမင်းကြီးသည် ကေသနီမိဖုရားကြီးကို ကျောပိုးပြီး သုံးဂါဝုဂ်ကျယ်သော မြစ်ကို ကူး၏။ တစ်ဖက်ကမ်းသို့ ရောက်လျှင်ရောက်ချင်း မိဖုရားကြီးကို သစ်ပင်တစ်ပင်အောက်တွင် ထားခဲ့ကာ ကလေးနှစ်ယောက် ကျန်ခဲ့သော မြစ် တစ်ဖက်ကမ်းသို့ အလျင်အမြန် ကူးခပ်ခဲ့ပြန်သည်။

mgyoe.com

mgyee.com SAMPLE BOOK

သို့ရာတွင် သုမ္ဘမိတ္တမင်းထားခဲ့သော ကလေးနှစ်ယောက်သည် တည်ပင်အောက်၌ မရှိတော့ပြီ။ အကြောင်းသော်ကား ကမ်းနားအတိုင်း လှော်ခတ်လာသော တံငါနှစ်ယောက်က ခေါ်သွားသောကြောင့်တည်း။

သားကြီး ဇေယျဒတ္တသည် ညီလေးကို ခေါ်မသွားရန် ခမည်းတော် မကြာမီ ပြန်လာမည်ပြော၏။ လှိုင်းသံရေသံကြောင့် တံငါများ နားမလည်။ အဆင်းအင်္ဂါဖြင့် ပြည့်စုံသောကလေးများကို ရပေသည်ဟု လှေပေါ်သို့ ဝမ်းသာအားရ တင်သွားလေ၏။

သို့ဖြစ်၍ ထိုနေရာသို့ သုမ္ဘမိတ္တမင်း ပြန်ရောက်သောအခါ ကလေးများကို မတွေ့ရခြင်း ဖြစ်၏။

"သားတော်တို့ရေ ခမည်းတော် ပြန်လာပြီကွယ်"

သုမ္ဘမိတ္တမင်းသည် ဟိုမှဒီမှ ပြေးလွှားကာ သားတော်တို့ကို အော်ဟစ်ရှာဖွေငြား အချည်းနှီးဖြစ်သည်။ ရွှေထီးရွှေနန်းကိုပင် မတွယ်တာခဲ့သော ဘုရင်မင်းမြတ်မှာ သားဇောကြောင့် မေ့မြောလဲကျသွားလေ၏။ နောက်တစ်နေ့နံနက်တွင် သတိရလျှင်ရချင်း သုမ္ဘမိတ္တမင်းသည် တစ်ယောက်တည်း ထားခဲ့ရသော မိဖုရားကို သတိရသည်။

သို့ဖြစ်သဖြင့် သုမ္ဘမိတ္တမင်းသည် မြစ်ကို တစ်ဖန် ဖြတ်သန်းကူးခပ်လာခဲ့၏။ သို့ရာတွင် ကေသနီ မိဖုရားကြီးမှာ သူထားခဲ့သော နေရာတွင် မရှိတော့ချေ။ သားတော်နှစ်ယောက်ထံသို့ သုမ္ဘမိတ္တမင်း ဦးတည်ကူးခပ်သွားနေချိန်ဝယ် ကုန်လှေတစ်စင်း ရောက်လာ၏။

"ဟာ ... လှလိုက်တဲ့မိန်းမ"

လှေသူကြီးသည် လှေကို ဆိုက်ကာ အငမ်းမရ ဆွဲသည်။

"ကျွန်တော်မမှာ လင်ရှိပါတယ်"

ဤမျှ ကျယ်ပြောသော မြစ်ကြီးတွင် သက်ရှိလူသား တစ်စုံတစ်ယောက်ကိုမျှ မတွေ့ရသဖြင့် လှေသူကြီးသည် ကေသနီမိဖုရားကို လှေပေါ်တင်သွားလေ၏။

ထို့ကြောင့် မြစ်ကမ်းစပ်သို့ သုမ္ဘမိတ္တမင်း ပြန်ရောက်သောအခါ

mgyee.com

 mgyoe.com SAMPLE BOOK 

ကေသနီမိဖုရားကို မတွေ့ရခြင်း ဖြစ်၏။

"မိဖုရားရေ ... မောင်ဘုရား ပြန်လာပြီကွယ်"

သုမ္ဘမိတ္တမင်း မည်မျှပင် အော်ဟစ်ခေါ်ငင်ငြား တုံ့ပြန်သူမရှိချေ။ သုမ္ဘမိတ္တမင်းနှင့် ကေသနီ မိဖုရား၊ ဇေယျဒတ္တနှင့် ဇေယျသေန ညီနောင်နှစ်ပါး စုစုပေါင်း မင်းလေးပါးတို့ ယခုကဲ့သို့ မိတစ်ကွဲ ဖတစ်ကွဲ ဖြစ်ကြရခြင်းမှာ ဝဋ်လိုက်ခြင်းပင်ဖြစ်၏။

ကုန်လွန်ခဲ့သော ဘဝများအနက် တစ်ခုသော ဘဝတွင် ထိုသူလေးဦး ဆုံမိကာ သားအဖ ဖြစ်ကြသည်။

တစ်နေ့သောအခါ ထိုသားအမိ ခရီးသွားကြစဉ် ကျေးငှက်ရှိသော သစ်ပင်အောက်၌ နားနေကြသည်။ ကလေးများ ပူဆာသဖြင့် အသိုက်ထဲရှိ ငှက်ပေါက်စကလေးတွေကို ယူပေးသည်။ ငှက်ကလေးတွေကို နေရာတကျ ပြန်ထားငြား အတောင်အမွေးကို နုတ်ခဲ့မိသဖြင့် ယခုကဲ့သို့ ဝဋ်လိုက်ခြင်း ဖြစ်၏။

သုမ္ဘမိတ္တမင်းသည် မယားကြောင့်ဖြစ်သော ဆင်းရဲခြင်း၊ သားများကြောင့်ဖြစ်သော ပူပန်မှုတို့ကို တရားဖြင့် ဖြေဖျောက်၏။ သောကပျောက်သော်ငြား သူသည် ခြေဦးတည့်ရာသွားမိ၏။ ဤသို့ဖြင့် တက္ကသိုလ်ပြည်သို့ ရောက်သွားကာ ဥယျာဉ်တွင်းရှိ ကျောက်ဖျာပေါ်၌ ပုဆိုးခြုံလျက် အိပ်နေမိလေ၏။

ထိုအချိန်တွင် တက္ကသိုလ်ပြည်၌ မင်းမရှိချေ။ တိုင်းပြည်အုပ်ချုပ်သော ပြည့်ရှင်မင်း နတ်ရွာလားတော်မူသည်မှာ ခုနစ်ရက်လည်ခဲ့ပြီ။ သို့ကြောင့် ပုရောဟိတ်ကြီး ကြီးမှူးလျက် ဖုဿရထားကို စီရင်ကြသည်။

ထိုရထားပေါ်တွင် သင်းကျစ်နှင့် သန်လျက်၊ ခြေနင်း၊ သားမြီးယပ်၊ ထီးဖြူတို့ကိုတင်လျက် မြင်းလေးကောင်ဆွဲသည့်နောက်သို့ လိုက်ပါလာကြ၏။

ထိုဖုဿရထားသည် ကျောက်ဖျာပေါ်တွင် ပုဆိုးခြုံပြီး အိပ်နေသော သုမ္ဘမိတ္တ၏ခြေရင်းတွင် ရပ်တန့်သည်။ သုမ္ဘမိတ္တ မှာ ထီးနန်းကို စွန့်ပစ်ခဲ့ငြား တက္ကသိုလ်ပြည်၏ ဘုရင်ဖြစ်ရပြန်ပြီ။ သုမ္ဘမိတ္တသည် ဘုရင်ဖြစ်သည့်နေ့မှစပြီး

mgyoe.com

SAMPLE BOOK

ကြီးကျယ်သော အလှူကြီးကို ပေးလေ၏။

နှစ်ကာလများ ပြောင်းရွှေ့ကုန်ဆုံးခဲ့ရာ တံငါသည်များ ခေါ်ဆောင်သွားသော ဇေယျဒတ္တနှင့် ဇေယျသေနတို့မှာ အရွယ်ရောက်နေကြပြီ။ တစ်နေ့သော အခါ တံငါသည်များသည် တက္ကသိုလ်ပြည့်ရှင် ဘုရင်မင်းမြတ်ထံ ဝင်ရောက်ခစားပြီး လက်ဆောင်ပဏ္ဏာများ ဆက်သကြ၏။

"အရှင်မင်းကြီး လိုရာသုံးဖို့အတွက် သူငယ်နှစ်ယောက်ကိုလည်း ဆက်သကြောင်းပါ ဘုရား"

တက္ကသိုလ်ပြည့်ရှင် သုမ္ဘမိတ္တမင်းသည် သားကြီးဇေယျဒတ္တနှင့် တူလှသည်ဟုထင်သဖြင့် မေးမြန်းတော်မူ၏။ သို့ရာတွင် တံငါသည်များက လိမ်းလွှဲဖြေသဖြင့် ဘုရင်မင်းမြတ်မှာ သူ၏သားတော်များ ဖြစ်ကြောင်းကို သိတော်မမူလိုက်ရချေ။

ကေသနီမိဖုရားကြီးကို လှေပေါ်သို့ အတင်းဆွဲတင်သွားသော လှေသူကြီးသည် အဆင်းအင်္ဂါဖြင့် ပြည့်စုံသော မိဖုရားကြီးကို သားမယားပြုကျင့်ရန် အကြိမ်ကြိမ်ကြံစည်ခဲ့သည်။ ထိုသို့ကြံစည်မိတိုင်း သူ့တစ်ကိုယ်လုံးမှာ ချစ်ချစ်တောက် ပူလောင်လာသည်။ ထိုသို့ဖြစ်ခြင်းမှာ မိဖုရားကြီး၏ ဘုန်းကံနှင့် သီလတို့ကြောင့် ဖြစ်ပေသည်။

သို့ဖြစ်ရကား လှေသူကြီးမှာ မိဖုရားကြီးကို နှမသားချင်းကဲ့သို့ သဘောထားပြောင်းလဲပြီး အိမ်တွင်ထားသည်။ တစ်နေ့သော် လက်ဆောင်ပဏ္ဏာများ စုဆောင်းထားကာ မိဖုရားကြီးကိုပါ တစ်ပါတည်းခေါ်ပြီး ရွှေမြို့တော်သို့ လာသည်။ သုမ္ဘမိတ္တမင်းထံ လက်ဆောင်ပဏ္ဏာများကို ဆက်သသည်။

ထို့နောက် ပွဲလမ်းသဘင် သွားလိုသောကြောင့် အစောင့်ပေးပါဟု တောင်းပန်သဖြင့် ဘုရင်မင်းမြတ်က ဇေယျဒတ္တနှင့် ဇေယျသေနတို့ကို နောက်ပါအခြံအရံများစွာနှင့် စေလွှတ်ပေး၏။

အစ်ကိုကြီး ဇေယျဒတ္တနှင့် ညီငယ်ဇေယျသေနတို့ ရောက်နေသော လှေထဲတွင် ကေသနီမိဖုရားကြီးရှိသည်။ မိဖုရားကြီးမှာလည်း ပန်းသုံးပွင့် ရရှိသည်ဟု အိပ်မက်မြင်မက်သဖြင့် လင်နှင့်သားများကို အောက်မေ့နေသည်။

mgyo.com

mgyoe.com SAMPLE BOOK


သို့စဉ်တွင် ဇေယျဒတ္တ၏ အသံကို ကြားရသည်။

"ရှေးအခါ ငါတို့ငယ်ရွယ်စဉ်က မိဘနှစ်ပါးဟာ ငါတို့ကိုခေါ်ပြီး စမွာမြို့က ထွက်ခွာလာကြတယ်။ မကြာခင်မှာပဲ မြစ်တစ်စင်းကိုရောက်တော့ ငါ့ကို ထမင်းကျွေးတယ်။ ညီလေးကို နို့တိုက်ပြီး ပုဆိုးပေါ်မှာ သိပ်တယ်"

ယင်းသို့ အစချီကာ ဇေယျဒတ္တက သူမှတ်မိသမျှ ပြောပြ၏။ လှေပေါင်းမိုးထဲမှ မိဖုရားကြီး ကြားသဖြင့် ပြေးထွက်လာ၏။

"အမယ်လေး သားတော်တို့ရဲ့"

ကေသနီမိဖုရားကြီးသည် နှစ်ပေါင်းများစွာ ကွဲကွာနေခဲ့သော သားတော်များကိုဖက်ပြီး ငိုကြွေးလေ၏။

ဤသည်ကို လှေသူကြီးမြင်သောအခါ များစွာဒေါသထွက်သည်။ အရွယ်ရောက်နေသော လူငယ်ကလေးများကို ပွေ့ဖက်နေသည်မဟုတ်သလော။ သို့ကြောင့် ဘုရင့်ရှေ့တော်သို့ဝင်ပြီး မဟုတ်မတရား လီဆယ်လျှောက်ထား၏။

"ကျွန်တော်မျိုးရဲ့လှေကို စောင့်ရှောက်ဖို့ အရှင်မင်းကြီးလွှတ်လိုက်တဲ့ လုလင်နှစ်ယောက်ဟာ ကျွန်တော်မျိုးရဲ့မယားကို အနိုင်အထက် ပြုကျင့်ကြကြောင်းပါဘုရား"

ဤကိစ္စမျိုးကို စက်ဆုပ်သော ပြည့်ရှင်မင်းက ချက်ချင်း အမိန့်ထုတ်၏။

"သူငယ်နှစ်ယောက်ကို ဖမ်းစေ။ သုသာန်ထုတ် ဓားခုတ်သတ်စေ"

ထိုအခါ ပညာရှိပုရောဟိတ်ကြီးက လျှောက်ထား၏။

"အရှင်မင်းကြီး မစူးစမ်းမဆင်မခြင် ဆောင်ရွက်ရင် မှားတတ်ပါတယ်ဘုရား။ ဒါကြောင့် သူငယ်နှစ်ယောက် အမှုကို စစ်ဆေးမေးမြန်းပြီးမှ သတ်မိန့်ပေးလည်း နောက်မကျပါဘူး ဘုရား"

ထိုအခါတွင် ဘုရင်မင်းမြတ်သည် လှေသူကြီးမယားကို ရှေ့တော်သို့ခေါ်ယူစစ်ဆေးသောအခါ ပျောက်ဆုံးနေသော မိဖုရားကြီးဖြစ်နေသည်ကို တွေ့ရလေ၏။ မိဖုရားကြီး ညွှန်ပြသဖြင့် ပျောက်ဆုံးနေသော သားတော်နှစ်ပါးကိုပါ ပြန်လည်တွေ့ဆုံရလေ၏။

သို့ဖြစ်သဖြင့် ကေသနီမိဖုရားကြီးက သုမ္ဘမိတ္တမင်းသို့ ဤနှယ်လျှောက်

mgyoe.com

mgyoe.com SAMPLE BOOK

ထား၏။

"အရှင်မင်းကြီး ကျွန်တော်မျိုးမရဲ့ စိုးရိမ်ပူဆွေး ငိုကြွေးရခြင်းတို့ဟာ ယခုအခါ ငြိမ်းအေးကုန်ပါပြီ။ အရှင်မင်းကြီးနဲ့တကွ သားတော်နှစ်ပါးကို ပြန်လည်ဆုံတွေ့ရတဲ့အတွက် ဝမ်းမြောက်လှပါတယ်ဘုရား" မြို့သူမြို့သားတို့သည် ရွှေထမ်းစင်နှစ်ခုကို ယူလာကြ၏။ ထမ်းစင်တစ်ခုတွင် မင်းနှင့် မိဖုရား၊ ကျန်ထမ်းစင်တွင် ဇေယျဒတ္တ ညီနောင်တို့ကိုတင်ပြီးလျှင် နန်းတော်သို့ ဆောင်ယူသွားကြလေ၏။

ကျမ်းကိုး ။ ။ ဇင်းမယ် ပဏ္ဏာသ အာဒိတ္တဝဂ် ငါးခုမြောက် သုမ္ဘမိတ္တဇာတ်ကို မှီးသည်။

❑

mgyoe.com

mgyoe.com SAMPLE BOOK

# လက်သုံးချောင်းသူဌေးကြီး

တစ်ရံရောအခါတွင် သာဝတ္ထိမြို့သူမြို့သားများသည် မြတ်စွာဘုရား အမှူးပြုသော သံဃာတော်များကို ပင့်ဖိတ်ပြီးလျှင် စုပေါင်းလှူဒါန်းကြ၏။

သုံးလောကထွတ်ထား သဗ္ဗညုတမြတ်စွာဘုရားသည် ထိုစုပေါင်း အလှူ ကြီး၌ ဤသို့လျှင် ဆွမ်းအနုမောဒနာ ပြုတော်မူ၏။

"ဒါယကာတို့ ဤသာသနာ၌ တချို့သူတို့သည် မိမိသာလျှင် အလှူကို လှူ၏။ သူတစ်ပါးတို့ မတိုက်တွန်းမနှိုးဆော်။ ထိုသူသည် ဖြစ်လေရာ ဖြစ်လေ ရာသောဘဝ၌ စည်းစိမ်ပြည့်စုံခြင်းကိုရ၏။ အခြံအရံပြည့်စုံခြင်းတို့ကား မရ ချေ။

တချို့သောသူများသည် မိမိကား မပေးလှူ။ သူတစ်ပါးကိုကား တိုက် တွန်းနှိုးဆော်၏။ ထိုသူသည် ဖြစ်လေရာဘဝ၌ အခြံအရံ ပြည့်စုံခြင်းကိုကား ရ၏။ ပစ္စည်းဥစ္စာ ပြည့်စုံခြင်းကိုကား မရ။

တချို့သောသူသည် မိမိလည်း မပေးမလှူ၊ သူတစ်ပါးကိုလည်း မတိုက် တွန်းမနှိုးဆော်၊ ထိုသူသည် ဖြစ်လေရာ ဖြစ်လေရာ ဘဝတို့၌ စည်းစိမ်ပြည့်စုံ ခြင်းကိုလည်း မရ၊ အခြံအရံ ပြည့်စုံခြင်းကိုလည်းမရ၊ စားကြွင်းစားသူ လို

mgyoe.com

mgyoe.com SAMPLE BOOK

ဆင်းရဲဖြစ်၍ လှည့်လည်ရ၏။

တချို့သောသူသည် မိမိလည်း ပေးလှူ၏၊ သူတစ်ပါးကိုလည်း တိုက်တွန်းနှိုးဆော်၏၊ ထိုကဲ့သို့သောသူသည် ဖြစ်လေရာဘဝတို့၌ စည်းစိမ်ပြည့်စုံခြင်းကိုလည်း ရ၏၊ အခြံအရံပြည့်စုံခြင်းကိုလည်းရ၏ " ထိုသို့ ဟောကြားတော်မူအပြီး၌ ကြွသွားတော်မူသော မြတ်စွာဘုရားကို ဖူးမြော်ရင်း ပညာရှိသော ဒါယကာတစ်ယောက်သည် အကြံအစည် ဖြစ်လေ၏။

"သြော် အံ့ဖွယ်ရှိစွတကား၊ ငါဟာ အခုအခါမှာ နှစ်ပါးပြည့်စုံခြင်းကို ဖြစ်စေတတ်တဲ့ ကုသိုလ်ကောင်းမှုကို ငါပြုခွင့်ရပြီ" ထိုသို့ ကြံစည်မိသော ဒါယကာသည် ကြွသွားတော်မူသော မြတ်စွာဘုရားနောက်သို့ ပြေးလိုက်သွား၏။

"ဘုန်းတော်ကြီးလှစွာသော မြတ်စွာဘုရား နက်ဖြန်နံနက်ကျရင် တပည့်တော်တို့ရဲ့ ဆွမ်းကို ခံယူတော်မူကြပါ ဘုရား"

"ဒါယကာ ဆွမ်းအလှူခံဖို့ ဘယ်နှပါး ကြွရအံ့နည်း"

"အလုံးစုံသော သံဃာတို့ကို အလိုရှိကြောင်းပါ ဘုရား"

ဒါယကာသည် ထိုသို့ ပြန်လည်လျှောက်ထားလိုက်ပြီးနောက် ရပ်ထဲရွာထဲသို့ လှည့်လည်နှိုးဆော်သည်။

"အို မိခင်ဖခင်တို့ ကျွန်တော်ဟာ ကောင်းမှုကုသိုလ်ပြုဖို့အတွက် ဘုရားအမှူးရှိတဲ့ ရဟန်းသံဃာကို ပင့်ဖိတ်ပြီးတော့ ဆွမ်းလှူဖို့စီစဉ်ခဲ့ပါပြီ။ ဒါကြောင့် မိမိတို့စွမ်းအားရှိသလောက် သဒ္ဓါတတ်အားနည်းများမဆို ပေးလှူတော်မူကြပါ။ တစ်ခုတည်းသောအရပ်၌ ချက်ပြီး လှူဒါန်းကြပါကုန်အံ့"

ထိုသူသည် အိမ်ပေါက်စေ့ လိုက်လံနှိုးဆော်ရင်းက သူဌေးတစ်ယောက်၏ အိမ်ပေါက်ဝသို့ ရောက်သွား၏။ သူဌေးသည် "ဤသူကား မိမိစွမ်းသမျှ ရဟန်းတို့ကို မပင့်ဖိတ်မူ၍ တစ်ရွာလုံးကို နှိုးဆော်လျက် လှည့်လည်လာဘိ၏"

ဟု အမြင်ရှိကာ အမျက်ထွက်နေ၏။ ထိုသို့ အမျက်ထွက်နေသူ၏ရှေ့သို့ သွားရောက်အလှူခံသောအခါ "သင့်ခွက်ကို ယူခဲ့" ဟုပြောသည်။ ဆန်၊ ဆန်ကွဲ စသည်များထည့်သော တောင်းနားရောက်လာသောအခါ သူဌေးသည်

ဆန်နှင့်ပဲများကို လက်သုံးချောင်းဖြင့်ယူပြီး ပေးလှူ၏။ ဤကဲ့သို့ လက်သုံးချောင်းဖြင့်ယူပြီး ပေးလှူသည်ကို အစွဲပြု၍ ထိုနေ့မှစပြီး ထိုသူဌေးကို 'ဗိဋ္ဌာလပဒက' ဟု ပြောင်လှောင်ခေါ်ဝေါ်ကြ၏။

ဗိဋ္ဌာလပဒကမှာ လက်သုံးချောင်းဖြင့် ဆန်ကို ယူရာတွင် ကြောင်ခြေရာခန့်သာ အရာထင်သွားသဖြင့် ထိုသို့ခေါ်ကြခြင်း ဖြစ်ပေသည်။ အရည်ကို ပေးလှူရာတွင်မူ တစ်နည်းဆန်း၏။ ပခြုပ်အဖုံး၏ထောင့်တွင် ထောပတ်၊ တင်လဲတို့ကို ထည့်သည်။ ထိုထောင့်မှ စိမ့်ယိုကျသည်ကိုသာ ပေးလှူသည်။ ဗိဋ္ဌာလပဒကသူဌေးမှာ စိတ်ထားညံ့သောအခါ နိဗ္ဗာန်ဆော်ကိုလည်း သူကဲ့သို့ပင် စိတ်ထားညံ့သူဟု အထင်မှားသည်။ နိဗ္ဗာန်ဆော်လုပ်ပုံကလည်း အထင်မှားစရာ ဖြစ်သည်။ အခြားသူများ လှူဒါန်းသည်ကို စုပေါင်းသော်ငြား ဗိဋ္ဌာလပဒက၏ အလှူပစ္စည်းများကို သီးခြားပြုသောကြောင့် ဖြစ်သည်။

ထိုအခါ ဗိဋ္ဌာလပဒကသည် နိဗ္ဗာန်ဆော်ကို သင်္ကာမကင်းဖြစ်သည်။ စိတ်ချရသော ကျွန်ယုံတစ်ယောက်ကိုခေါ်သည်။ နိဗ္ဗာန်ဆော်လုပ်သမျှကို ကြည့်ရှုမှတ်သားခဲ့ရန် အမိန့်ပေးသည်။

"သည်ကောင် လုပ်တာတွေမှတ်ပြီး ငါ့ကို ပြန်ပြောကွာ"

ဗိဋ္ဌာလပဒက၏ လူယုံသည် နိဗ္ဗာန်ဆော်နှင့် ကပ်လိုက်သွား၏။ နိဗ္ဗာန်ဆော်သည် ဗိဋ္ဌာလပဒက လှူဒါန်းလိုက်သော မဖြစ်စလောက် လှူဖွယ်များကို နေရာအနှံ့ပါအောင် လိုက်လံထည့်သည်။ ထိုအကြောင်းကို လူယုံက ပြန်ပြောစေကာမူ အကောင်းမမြင်သေးပေ။

"ဒါဟာ လူတွေမေးအောင် လုပ်တာပဲ၊ မေးသူရှိမှ ငါ့မကောင်းကြောင်းကို ပြောဖို့ အကွက်ဆင်တာဖြစ်ရမယ်" ထိုသို့ သဘောထားသော ဗိဋ္ဌာလပဒကသည် ပုဆိုးကြား၌ ဓားကိုဝှက်လျက် အလှူဇရပ်သို့သွား၏။ နိဗ္ဗာန်ဆော်၏ ပါးစပ်မှ သူ့အမည် ထွက်သည်နှင့်တစ်ပြိုင်နက်တည်း ဓားဖြင့်ထိုးရန် ကြံစည်ထား၏။

နိဗ္ဗာန်ဆော်ကား ဓားဖြင့်ထိုးရန် လူတစ်ယောက် လာစောင့်နေသည်ကို မသိချေ။ ဘုရားအမှူးရှိသော သံဃာတော်များကို ဆွမ်းကပ်ရန် အလုပ်များနေ

mgyoe.com

mgyoe.com SAMPLE BOOK


သည်။ မြတ်စွာဘုရား ကြွလာတော်မူသောအခါတွင်လည်း ရှိသေစွာချဉ်းကပ်ပြီး ဤသို့လျှောက်ထား၏။

"ဘုန်းတော်ကြီးလှစွာသော မြတ်စွာဘုရား ... တပည့်တော်ဟာ လူတွေကို တိုက်တွန်းနှိုးဆော်တဲ့အတွက် နည်းများမဆို စုပေါင်းလှူဒါန်းကြတဲ့ စုပေါင်းအလှူကို အခုလှူတာပါ ဘုရား" ထိုသို့ လျှောက်ထားသံကို ဗိဠာလပဒကသူဌေး ကြားသောအခါ နိဗ္ဗာန်ဆော်ကို သူ့အထင်မှားနေပါတကားဟု သတိရ၏။ နိဗ္ဗာန်ဆော်ကား တစေ့တစောင်းနားစွင့်နေသော သူဌေး၏အဖြစ်ကို မသိဘဲ မြတ်စွာဘုရားသို့ ဆက်လက်လျှောက်ထားနေသည်။

"ထိုအလှူ၌ တိုက်တွန်းနှိုးဆော်အပ်သော လူတို့သည် မိမိတို့၏ အားအစွမ်းဖြင့် အများလည်းဖြစ်၊ အနည်းလည်း ဖြစ်ကုန်သော ဆန် စသည်တို့ကို လှူဒါန်းကြပါသည်ဘုရား" ဓားဖြင့်ထိုးရန် ကြံစည်နေသော သူဌေးမှာ အံ့အားလည်းသင့်၊ နောင်တလည်း ရနေ၏။

"အဲဒါ အလှူဒါယကာတွေမှာ အကျိုးမြတ်ရကြပါစေ အရှင်မြတ်ဘုရား"

"ဩော် ...ငါမှားပါပေါ့လား"

ဗိဠာလပဒကသည် နိဗ္ဗာန်ဆော်ကို အထင်မှားခဲ့၏။ ဘုရားအမှူးပြုသော သံဃာတော် အရှင်မြတ်များကို ဆွမ်းကပ်ရန်မှာ တစ်ယောက်အား၊ နှစ်ယောက်အားဖြင့် မတတ်နိုင်ကြပေ။ သို့ကြောင့် တတ်စွမ်းသမျှ ထည့်ဝင်ကြပြီး စုပေါင်းလှူဒါန်းလိုက်သောအခါ ကြီးမားသော အလှူကြီးတစ်ခု ဖြစ်သွားလေ၏။ သို့ရာတွင် ဗိဠာလပဒကသည် နိဗ္ဗာန်ဆော်ကို ဤသို့မမြင်ပေ။ စုပေါင်းလှူဒါန်းနိုင်အောင် အကျိုးဆောင်သူဟုမမြင်။ လူတွေကို ခေါင်းပုံဖြတ်ပြီး နာမည်ကောင်းယူနေသူဟု အထင်မှားသည်။ သို့ကြောင့်လည်း ဆန်ကို လက်သုံးချောင်းဖြင့်ယူ၊ ပဲစေ့ကို လက်သုံးချောင်းဖြင့်ကော်ခြင်း ဖြစ်၏။

မလှူဘူး ပြောလျှင်လည်း အများကဲ့ရဲ့မည်။ ဤသို့လည်း ဗိဠာလပဒကသည် အဖြစ်မခံနိုင်ချေ။ မလှူလည်းမလှူချင်၊ မလှူဘဲလည်း မနေရဲချေ။ သို့ကြောင့် တွန့်တိုသည်နှင့်အမျှ အကောင်းမမြင်ခဲ့ခြင်း ဖြစ်ပေ၏။

mgyoe.com

 mgyoe.com SAMPLE BOOK 

သို့ရာတွင် ဗိဋ္ဌာလပဒက အထင်လွဲလည်း လွဲလောက်ပါသည်။ ထိုကဲ့သို့သော သူတွေကလည်း ရပ်ထဲရွာထဲတွင် ရှိ၏။ ပေါ်ပေါက်လုပ်ကိုင်နေကြ၏။ စေတနာကို အလွဲသုံးစားပြုကြသူများဖြစ်သည်။ လုပ်ကိုင်သော်ငြား အလွဲသုံးစားပြုသည်က များသည်။

ထိုကဲ့သို့သော ကိုယ်ကျိုးရှာသမားများကို မြင်တွေ့ကြုံတွေ့ထားသော ဗိဋ္ဌာလပဒကသည် ယခု နိဗ္ဗာန်ဆော်ကိုလည်း ကိုယ်ကျိုးရှာသမားများနှင့် အတူဟုမှတ်ယူခဲ့သည်။ သို့ရာတွင် ယခု နိဗ္ဗာန်ဆော်ကား ဗိဋ္ဌာလပဒက တွေ့ကြုံဖူးသူများကဲ့သို့ မဟုတ်။ သူတော်ကောင်း လူကောင်းဖြစ်၏။ သို့ဖြစ်သဖြင့် တကယ့်နိဗ္ဗာန်ဆော်အစစ်နှင့် တွေ့ရသောအခါ ဗိဋ္ဌာလပဒကမှာ စိတ်မကောင်းဖြစ်ရသည်။

"ငါကတော့ ဤအမည်ရှိသူဟာ ဆန်တွေပဲတွေကို လက်သုံးချောင်းနဲ့ယူပြီး ပေးတဲ့လူပဲလို့ ငါ့နာမည်ကို သူ့ပါးစပ်က ထွက်တာနဲ့တစ်ပြိုင်နက် သတ်မယ်လို့လာတယ်။ ဒါပေမဲ့ နိဗ္ဗာန်ဆော်ကတော့ ပြည်တောင်းနဲ့ခြင်ပြီး လှူလှူ လက်သုံးချောင်းနဲ့ မသဒ္ဓါရေစာယူပြီးလှူလှူ အကုန်လုံး အကျိုးထူးအကျိုးမြတ်ရကြပါစေဆိုတဲ့ စိတ်ကောင်းစိတ်မြတ် မွေးတယ်"

ဗိဋ္ဌာလပဒကသည် မိမိ၏အပြစ်ကို ရှာဖွေသိမြင်သောအခါ လွန်စွာထိတ်လန့်တုန်လှုပ်၏။

"ဤသို့သဘောရှိသော သူတော်ကောင်းကို ကန်တော့တောင်းပန်မှ ဖြစ်မယ်"

သူ့အလိုအလျောက် သိလာခြင်း၊ မြင်လာခြင်း ဖြစ်သည်။ ဗိဋ္ဌာလပဒကကို မည်သူကမျှ တိုက်တွန်းခြင်း မရှိချေ။

"ဒီလိုသဘောရှိတဲ့ သူတော်ကောင်းကို ငါမကန်တော့ရင် မတောင်းပန်ရင် နတ်ဒဏ်ဆိုတာဟာ ငါ့ခေါင်းပေါ်ကျပြီး ဒုက္ခရောက်မှာ သေချာတယ်"

ထိုသို့ကြံစည်မိသော ဗိဋ္ဌာလပဒကသူဌေးသည် နိဗ္ဗာန်ဆော်၏ ခြေရင်း၌ ဝပ်ပြီး ခြေကို ကိုင်သည်။

"အမယ်လေး ... ကယ်တော်မူကြပါဗျ"

mgyoe.com

m g y o e . c o m SAMPLE BOOK

နိဗ္ဗာန်ဆော်က ထိတ်လန့်တကြားအော်ကာ မျက်လုံးပြူးမျက်ဆန်ပြူး ဖြစ်နေဆဲ၌ သူဌေးဗိဋ္ဌာလပဒကက တောင်းပန် စကားဆို၏။

"အရှင် ... ငါ့ကို သည်းခံပါ"

"အလို ... ခင်ဗျား ကျုပ်ကို ဘာမျှမလုပ်ပါကလား" နိဗ္ဗာန်ဆော်၏ ထိတ်လန့်ကြောက်ရွံ့မှုမှာ ပြေလျော့မသွားချေ။ ဗိဋ္ဌာလပဒက လုပ်ပုံကလည်း ကြောက်စရာ လန့်စရာ ဖြစ်သည်။

"လုပ်တယ်၊ လုပ်တယ်။ အသက်ကို ရန်ရှာသည်အထိ ကြံစည်ပါတယ်။ ဒါပေမဲ့ အဲဒါတွေဟာ တစ်ဖက်သတ် အထင်မှားမှုပါ"

ဥပါသကာ နိဗ္ဗာန်ဆော်မှာ သဘောမပေါက်ပါ။

"ကျွန်တော်တော့ နားမလည်ဘူးဗျာ"

နိဗ္ဗာန်ဆော် ဥပါသကာမှာ ခေါင်းကုတ်နေသည်။

"ဒီလို နိဗ္ဗာန်ဆော်ကြီးရေ၊ မလှူနိုင်တဲ့လူတွေ စုပေါင်းအားနဲ့ လှူဒါန်းနိုင်အောင် ခင်ဗျားကလိုက်ပြီး ဆော်ဩတာကို ကျွန်တော်က အကောင်းမမြင်ဘူး၊ ဒါကြောင့် လက်သုံးချောင်းနဲ့ ယူပေးတာ"

"ကျွန်တော် သတိမထားမိဘူးဗျာ"

နိဗ္ဗာန်ဆော်ခေါင်းကုတ်နေရ၏။ "အဲဒီလို လက်သုံးချောင်းနဲ့ ယူပေးတဲ့ ဆန်တွေ၊ ပဲတွေကို ခင်ဗျားက သီးခြား ထားတယ်၊ အဲဒီတော့ ကျွန်တော့်နာမည် ပြောပြီး နာမည်ဖျက်တော့မှာပဲဆိုပြီး ဓားကို ခါးကြားထိုးပြီး ခင်ဗျာ့အနားမှာ နေတာ။ ဒါပေမဲ့ ခင်ဗျားရဲ့ အပြုအမူနဲ့ ကျွန်တော့်ရဲ့အထင်ဟာ တခြားစီပါပဲဗျာ။ အဲဒါကြောင့် သည်းခံပါဆိုပြီး ကန်တော့တာ တောင်းပန်တာပါ"

"ဖြစ်ရလေဗျာ"

ဥပါသကာ နိဗ္ဗာန်ဆော်မှာ ယခုမှ သဘောပေါက်တော့သည်။

ထိုသို့ အမှုကြီးငယ်များ နိဗ္ဗာန်ဆော်နှင့် ဗိဋ္ဌာလပဒကတို့ ပြောကြဆိုကြ တောင်းပန်ကြသည်ကို မြတ်စွာဘုရား မြင်တော်မူသည်။ သို့ကြောင့် နိဗ္ဗာန်ဆော်ကို ရှေ့တော်သို့ ခေါ်တော်မူသည်။

"ဒါယကာ မည်သို့ ဖြစ်သနည်း"

mgyoe.com